TED N. C. WILSON

ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းသည် သတ္တမနေ့ဥပုသ်အသင်းတော်၏အခြေခံယုံကြည်ချက်များထဲမှ တစ်ခုဖြစ်ပါသည်။ အမှန်စင်စစ်၊ ကျွန်ုပ်တို့၏မျှော်လင့်ချက်ဖြစ်သောသခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း၌ ကျွန်ုပ်တို့အသင်းတော်၏အမည်နာမကို ကြေညာထားပါသည်။ သမ္မာကျမ်းစာ၌အခြေခံသည့်ခရစ်တော်၏ကြွလာခြင်းကိုယုံကြည်ခြင်းသည် ခေတ်အဆက်ဆက် ခရစ်ယာန်ယုံကြည်သူများ၏မျှော်လင့်ချက်ဖြစ်ပါသည်။

မိမိ၏တပည့်တော်များအား ပေးတော်မူသော ဩဝါဒတွင်.. ယေရှုက "သင်တို့စိတ်မပူပန်ကြနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်ကြလော့။ ငါ့ခမည်းတော်၏အိမ်တော်တွင် နေစရာအခန်းများစွာရှိ၏။ ထိုသို့မရှိလျှင် ငါသည် သင်တို့နေရမည့်နေရာကို သွား၍ ပြင်ဆင်မည်ဟု ပြောမည်လော။ ငါသည်သွား၍ သင်တို့အတွက်နေစရာပြင်ဆင်ပြီးလျှင် ပြန်လာကာ ငါရှိရာအရပ်၌ သင်တို့လည်း ရှိနိုင်ရန်အတွက် သင်တို့ကို ခေါ်ဆောင်မည်။ (ယောဟန် ၁၄း၁-၃)

တပည့်တော်များအား မေးမြန်းခဲ့သည့်အချိန်၌ ယေရှုခရစ်တစ်ဖန်ပြန်ကြွလာမည့်ကတိတော်ကို ကောင်းကင်တမန် များက ထပ်လောင်းပြောဆိုခဲ့ပါသည်။ သင်တို့သည်အဘယ်ကြောင့်ကောင်းကင်သို့ မျှော်ကြည့်လျက်ရပ်နေကြသနည်း။ သင်တို့ ထံမှ ကောင်းကင်ဘုံသို့ ဆောင်ယူခြင်းခံရသောထိုယေရှုသည် ကောင်းကင်ဘုံသို့ ကြွမြန်းတော်မူသည်ကို သင်တို့မြင် ကြရသည့်နည်းတူ ပြန်၍ကြွလာတော်မူမည်" ဟုပြောဆိုကြ၏။ (တမန် ၁း၁၁) ဤကတိတော်များသည် ကျမ်းစာတစ်အုပ်လုံးတွင် တွေ့ရှိ ရသောကတိတော်များထဲမှ အချို့သာဖြစ်၍ မကြာမီ ယေရှုပြန်လာမည်ဟု ကျွန်ုပ်တို့အား သေချာစွာ အာမခံထား ပါသည်။

ဤရက်သတ္တပတ် ဆုတောင်းစည်းဝေးအတွင်း **"ကျွန်ုပ်သွား၍ ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းသတင်းကို ကြေညာပါမည်"** ဟူသောအံ့ဩဖွယ် **အထူးအခွင့်အရေး၌ အာရုံစူးစိုက်ခြင်း**ဖြင့် ကောင်းချီးမင်္ဂလာကို ကျွန်ုပ်တို့ခံစားကြရမည် ဖြစ်ပါသည်။ မကြာမီ သခင်ယေရှုကြွလာမည် ဟူသော အံ့ဩဖွယ်သတင်းကောင်းကိုကြေညာရာတွင် **ကျွန်ုပ်တို့၏အခန်းကဏ္ဍကို သေသေချာချာစဉ်းစားသုံးသပ်ပါ။** ဤရက်သတ္တပတ် တစ်လျှောက်လုံး သင်းအုပ်ဆရာ John Bradshaw သည် သမ္မာကျမ်းစာမှတစ်ဆင့် ဆွဲဆောင်မှုရှိသော သတင်းစကားများဖြင့် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသွားပါမည်။

ဤရက်သတ္တပတ် ဆုတောင်းစည်းဝေးအတွက် နောက်ဆုံးဖတ်စာသည် ဝိညာဉ်တော်အားဖြင့် ထုတ်ဖော်ရေးသားခဲ့သော အဲလင်ဂျီဝိုက်၏ စာပေများမှ ဖြစ်ပါသည်။ ဤရက်သတ္တပတ်သည် သူမ၏လက်ရာပြောင်မြောက်သော ဖတ်စာများနှင့်အတူ ဆုတောင်းခြင်းကိုလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

သင်သည် သင့်ဒေသန္တရအသင်းတော်၊ အဖွဲ့ငယ်အုပ်စုများ၊ မိသားစုနှင့်အတူ၊ အွန်လိုင်းမှတစ်ဆင့် သို့မဟုတ် တစ်ကိုယ်တည်းဖြစ်စေ...ကျွန်ုပ်တို့၏အလုပ်ပြီးဆုံးပြီး...အိမ်တော်သို့ပြန်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းအတွက် ကျွန်ုပ်တို့အားလုံး ဤဆုတောင်းစည်းဝေးရက်သတ္တပတ်အတွင်း အတူတကွ ဆုတောင်းခြင်း၌ စည်းလုံးညီညွတ်ကြပါစို့။

**"ကျွန်ုပ်သွား၍ ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းသတင်းကို ကြေညာပါမည်"** ဟုထပ်လောင်းပြီး သခင်ဘုရားထံ ကတိသစ္စာပြု ပြောဆိုသည့်အခါ ဘုရားသခင်သည် သင်တို့အားလုံးအပေါ် ကောင်းချီးပေးပါစေ။

**ပထမဥပုသ်နေ့**

**အသင်းတော်၏ ကြေညာချက်၌ သခင်ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်း**

**TED N. C. WILSON**

ကမ္ဘာတစ်ဝန်းတွင်မကြုံစဖူးဖြစ်ရပ်များသည် လျင်မြန်စွာပြောင်းလဲနေသော ကမ္ဘာကြီးအကြောင်းကို ကျွန်ုပ်တို့အား သတိပေးနေပါသည်။ သဘာဝဘေးအန္တရာယ်နှင့် လူတို့ဖန်တီးသောဘေးအန္တရာယ်များသည် ပို၍အားကောင်းလာပြီး မကြာခဏဖြစ် ပွားလာပါသည်။ နိုင်ငံများစွာရှိ နိုင်ငံရေးအခြေအနေများမှာလည်းဖြေရှင်းရန် မဖြစ်နိုင်လောက်အောင် ဖြစ်လာပါသည်။ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာကိုယ်ကျင့်တရားများ ပျက်ပြားလာပါသည်။ ကမ္ဘာ့စီးပွားရေးသည် စက္ကူကဲ့သို့ပါးလွှာသော အစွန်းပေါ် တွင်လျှောက်လှမ်းနေပြီး စီးပွားရေးပရမ်းပတာအခြေအနေသို့ ကျရောက်ရန်အသင့် ဖြစ်နေသည်။

ခရစ်ယာန်ဂိုဏ်းပေါင်းစုံလှုပ်ရှားမှုများ(ecumenical movements) သည်အပေးအယူလုပ်ရမည့် အခြေအနေများကို ဖန်တီးနေပါသည်။ ကျွန်ုပ်တို့သည် အခြားဘာသာဝင်များနှင့် ခရစ်ယာန်များကိုပေါင်းသင်းဆက်ဆံရာတွင် အမြဲတမ်းရင်း နှီးဖော်ရွေစွာ အားပေးဆက်ဆံသင့်သော်လည်း သတ္တမနေ့ဥပုသ်စောင့်သူများအနေဖြင့် တန်ဖိုးထားသည့် ထူးခြားသော ကျမ်းစာဆိုင်ရာ ယုံကြည်ချက်များကို ပျက်ပြားစေရန် ကြိုးပမ်းမည့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ သို့မဟုတ် အခြားအဖွဲ့အ စည်းများနှင့်ပူးပေါင်းခြင်းမပြုရန် အထူးဂရုစိုက်ဖို့လိုပါသည်။

သမိုင်းတစ်လျှောက် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် တွေ့မြင်နေရသော ထူးခြားဖြစ်စဉ်များ လျင်မြန်စွာဖြစ်ပေါ်နေသည် နှင့်အမျှ ၎င်းတို့သည် ဘဝကိုပြောင်းလဲစေမည့် အထူးခြားဆုံးအဖြစ်အပျက်ဖြစ်သော သခင်ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာခြင်းကိုညွှန်ပြနေကြောင်း ကျွန်ုပ်တို့သိရှိရသည်။ ဤအရာသည် ထောင်စုနှစ်များတစ်လျှောက် ယုံကြည်သူ တို့၏မျှော်လင့်ချက်အားလုံး၏ ပန်းတိုင်ပင်ဖြစ်ပါသည်။

ထိုဘုန်းကြီးသောဖြစ်ရပ်ကို ဖော်ပြရာတွင် ပရောဖက်ဟေရှာယက "ထိုကာလ၌ ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့ မျှော်လင့်သော၊ ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကို ကယ်တင်တော်မူလိမ့်မည်။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော ထာဝရဘုရားတည်း။ ကယ်တင်တော်မူခြင်းကျေးဇူးကြောင့်၊ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့.." (ဟေရှာယ ၂၅း၉) ဟု ရေးသားခဲ့ သည်။ ဆာလံ ၅၀း၃ တွင်လည်း "ငါတို့၏ဘုရားသခင်သည်ကြွလာတော်မူမည်။ ကိုယ်တော်သည် တိတ်ဆိတ်စွာ နေတော်မူမည် မဟုတ်။ ကိုယ်တော်၏ရှေ့တော်၌ ဝါးမျိုတတ်သောမီးရှိ၍ ကိုယ်တော်၏ပတ်လည်၌ ပြင်း ထန်သောမုန်တိုင်းရှိ၏။ ဟု ကျွန်ုပ်တို့ ဖတ်ရပါသည်။

မြေကြီးပေါ်၌ရှိစဉ်ကယေရှုသည် ကိုယ်တော်၏တပည့်တော်များအား "ငါ့ခမည်းတော်၏ အိမ်တော်တွင် နေစရာအ ခန်းများစွာရှိ၏။ ထိုသို့ မရှိလျှင် ငါသည် သင်တို့နေရမည့်နေရာကို သွား၍ ပြင်ဆင်မည်ဟု ပြောမည်လော။ ငါသည် သွား၍ သင်တို့အတွက် နေစရာပြင်ဆင်ပြီးလျှင် ပြန်လာကာ ငါရှိရာအရပ်၌ သင်တို့လည်း ရှိနိုင်ရန်အတွက် သင်တို့ကို ခေါ်ဆောင်မည်။" (ယောဟန် ၁၄:၂၊ ၃) ဟု အာမခံခဲ့သည်။

ထို့ပြင် ကိုယ်တော်သည် ဗျာဒိတ်ကျမ်း အခန်းကြီး ၂၂ တွင် ဤကတိတော်ကို အရေးတကြီး ထပ်၍ပြောခဲ့သည်- ငါသည် အလျင်အမြန်လာမည်။ ဤစာစောင်၏ အနာဂတ္တိစကားကို စောင့်ရှောက်သောသူသည် မင်္ဂလာရှိ၏.. **(ဗျာ ၂၂း၇)**

ငါသည် အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကို ဆောင်ခဲ့သည်ဖြစ်၍၊ လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်း ဆပ်ပေးမည်။ **(ဗျာ ၂၂း၁၂)** ငါသည် အလျင်အမြန်လာမည်မှန်ပေ၏.. **(ဗျာ ၂၂း၂၀)**" ဟုလည်း မိန့်တော်မူခဲ့ ပါသည်။

လူ့အမြင်အရဆိုလျှင်၊ အထူးသဖြင့် ယနေ့ခေတ် Instagram ကမ္ဘာတွင် ချက်ချင်းမဖြစ်သည့်အရာမှန်သမျှသည် နှေးကွေးသည်။ သို့ဆိုလျှင် **"အလျင်အမြန်"** ဆိုသည်မှာ မည်မျှမြန်ဆန်သနည်း။

**"အလျင်အမြန်" ဆိုသည်မှာ မည်မျှမြန်ဆန်သနည်း။**

သတ္တမနေ့ဥပုသ် အသင်းသားများသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို နှစ်ပေါင်း ၁၆၀ ကျော် ဟောပြောခဲ့ကြပြီးဖြစ်သည်။ ဤအရာသည် အချို့သူများအတွက် ထာဝရကာလကဲ့သို့ပင် ထင်ရသည်။ စိတ်ပျက်အားငယ်မှု ကြောင့် အချို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းဆိုင်ရာ **အရေးတကြီးလိုအပ်မှု (sense of urgency)**ကို ဆုံးရှုံးခဲ့ကြပြီး ထိုအရာသည် သတ္တမနေ့ဥပုသ်စောင့်သူတို့၏ ဘဝအစိတ်အပိုင်းတိုင်းကို လွှမ်းခြုံထားသင့်သည်။

သို့သော်လည်း ဤအရာသည် ကျွန်ုပ်တို့ကို အံ့အားသင့်စေမည်မဟုတ်ပေ။ ၂ ပေတရု ၃:၃၊ ၄ တွင် "နောက်ဆုံးသော နေ့ရက်များ၌ မထီမဲ့မြင်ပြုသူတို့သည် ပေါ်ပေါက်လာ၍ မိမိတို့၏တပ်မက်မှုများအတိုင်းပြုမူကြလိမ့်မည်။ ထိုသူတို့က "ယေရှုပြန်ကြွလာမည်ဟူသော ကတိတော်သည်အဘယ်မှာနည်း။ ကျွန်ုပ်တို့ဘိုးဘေးများ ကွယ်လွန်ပြီးကတည်းက အရာအားလုံးသည် ကမ္ဘာဦးအစ ဖန်ဆင်းခဲ့သည့်အချိန်ကအတိုင်း ဆက်လက်ရှိနေဆဲပင် ဖြစ်၏" ဟူ၍ ပြောကြပေလိမ့်မည်။

ထိုသို့ ပြက်ရယ်ပြုသူများသည် ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းခဲ့ကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရေလွှမ်းမိုးမှုဖြစ်ခဲ့သည်ကို "တမင်မေ့" ထားကြောင်း ပေတရုက ထောက်ပြသည်။ ထို့နောက် တစ်နေ့တွင် အရာအားလုံးသည် မီးဖြင့်ဖျက်ဆီးခံရလိမ့်မည်ဟု သူက သတိပေးထားသည်။

ဆက်လက်၍ ဤကျမ်းပိုဒ်၌ယုံကြည်သူများအတွက် အရေးကြီးသော သွန်သင်ချက်နှင့် အားပေးမှုများကို ဆက်လက် ပေးထားသည်။ ချစ်ရသောသူတို့ ဤအချက်ကို မမေ့နှင့်။ ထာဝရဘုရားအတွက် တစ်ရက်သည် အနှစ်တစ်ထောင်ကဲ့သို့ဖြစ်၏။ အနှစ်တစ်ထောင်သည် တစ်ရက်ကဲ့သို့ဖြစ်၏။ လူတချို့ထင်မှတ်သကဲ့သို့ ထာဝရဘုရားသည် မိမိကတိတော်အတိုင်းပြုရန်နှောင့်နှေးတော်မူသည်မဟုတ်။ ကိုယ်တော်သည် မည်သူမျှမပျက်စီးဘဲ လူတိုင်း နောင်တရစေရန် အလိုတော်ရှိ၍ သင်တို့အပေါ် စိတ်ရှည်တော်မူခြင်းသာဖြစ်၏။ ၂ ပေတရု ၃:၈၊ ၉

ထိုကျမ်းပိုဒ်က ကမ္ဘာမြေနှင့် ၎င်းရှိအရာအားလုံးတို့သည် ဖျက်ဆီးခံရမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် "သန့်ရှင်းစွာ ပြုမူနေထိုင်လျက် ဘုရားတရားကိုင်းရှိုင်းခြင်း" ဖြင့် မည်သို့သောသူများဖြစ်သင့်သည်ကို ဆင်ခြင်ရန် တိုက်တွန်းထားသည်။ **ဘုရားသခင်၏ နေ့ရက်ကို စောင့်မျှော်၍ ထိုနေ့ရက်ကို အလျင်အမြန်လာစေသင့်၏။** ကျွန်ုပ်တို့သည် ကိုယ်တော်၏ကတိတော်အတိုင်း ဖြောင့်မတ်ခြင်းတရားတည်ရှိရာ ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို **စောင့်မျှော်နေကြ၏။ ထို့ကြောင့် ချစ်ရသောသူတို့... သင်တို့သည် ဤအရာများကို မျှော်လင့်နေသည်ဖြစ်၍ ကိုယ်တော်၏ရှေ့တော်၌ အစွန်းအထင်း၊ အပြစ်အနာအဆာကင်းလျက် ငြိမ်းချမ်းစွာရှိနိုင်ရန် ကြိုးစားအားထုတ်ကြလော့။ ၂ ပေတရု ၃:၁၁-၁၄**

**အရေးကြီးသောခေါ်ဆိုမှု**

ဘုရားသခင်နှင့် နီးကပ်စွာနေထိုင်ပြီး ကိုယ်တော်ပြန်ကြွလာမည့်အချိန်ကို မျှော်လင့်ရင်း ကိုယ်တော့်အား ကျွန်ုပ်တို့ကို လမ်းပြစေခြင်းသည် ကျွန်ုပ်တို့ရရှိထားသော ခေါ်ဆိုမှုတစ်ခုဖြစ်သည်။

ဟေဗြဲသြဝါဒစာတွင် ကျွန်ုပ်တို့အား ဤသို့ အားပေးထားသည်–ထို့ကြောင့် **သခင်ဘုရားအပေါ် သင်တို့၏ စိတ်ချယုံကြည်မှု**ကို မစွန့်ပစ်ကြနှင့်။ ၎င်းသည် သင်တို့အား ကြီးမားသောဆုလာဘ်ကို ခံစားစေလိမ့်မည်။ ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်နိုင်ရန်နှင့် ကတိထားသောအရာကိုရရှိနိုင်ရန် သင်တို့သည် သည်းခံစိတ်မွေးရမည်။ အဘယ်ကြောင့်ဆိုသော် "ကြွလာတော်မူမည့်အရှင်သည်မနှောင့်နှေးဘဲ အချိန်အနည်းငယ်အတွင်း ကြွလာလိမ့်မည်။ ငါ၏ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့်အသက်ရှင်လိမ့်မည်။ သို့သော် ငါသည် နောက်ပြန်လှည့်တတ်သူများကို နှစ်သက် မည်မဟုတ်" ဟု ဖော်ပြထားသောကြောင့်ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့သည် နောက်ပြန်လှည့်၍ ပျက်စီးနေသူများမ ဟုတ်ဘဲ ယုံကြည်၍ ကယ်တင်ခံရသောသူများဖြစ်ကြ၏။ **(ဟေဗြဲ ၁၀း၃၅-၃၉).**

ဘုရားသခင်၏နှုတ်ကပါတ်တော်သည် ယနေ့ ကျွန်ုပ်တို့အား မိန့်မှာနေခြင်းဖြစ်သည်။ ယေရှုခရစ် မကြာမီပြန်ကြွလာမည့်အပေါ် သင်၏မျှော်လင့်ချက်ကို မည်သူတစ်ဦးတစ်ယောက်မျှ လုယူခွင့်မပြုပါနှင့်။ ကိုယ်တော်သည် မကြာမီ ကြွလာတော့မည်ဖြစ်သည်။

## သတင်းစကားကို ကြေညာခြင်း။

လက်ရှိကမ္ဘာကြီး၏ ဆိုးရွားလာနေသည့် အခြေအနေများသည် ကျွန်ုပ်တို့အား အသင့်ပြင်ဆင်ထားရန်နှင့် ခရစ်တော်မကြာမီ ပြန်ကြွလာခြင်းကို မျှော်လင့်လျက် ဗျာဒိတ်ကျမ်းအခန်းကြီး ၁၄ ပါ ကောင်းကင်တမန်သုံးပါး၏သတင်းစကားများကို ဟောပြောဖို့ အရေးတကြီးလိုအပ်ကြောင်း ကျွန်ုပ်တို့ကို နှိုးဆော်နေပါတယ်။

အချို့က ဤသတင်းစကားများသည် နိုင်ငံရေးအရ မမှန်ကန်ပါဟုပြောနိုင်ပြီး ဟောပြောရန်မသင့်လျော်ဟုဆိုကောင်းဆိုကြပေမည်။ သို့သော်လည်း ကောင်းကင်တမန်သုံးပါးသတင်းစကားများသည် အခြားသူတို့အား မျှဝေရန် ကျွန်ုပ်တို့အားပေးအပ်ထားသည့် အရေးကြီးဆုံး သတင်းစကားများဖြစ်သည်။ ယင်းတို့သည် ဘုရားသခင်အကြောင်း ကျွန်ုပ်တို့၏ယုံကြည်ချက်နှင့် လုပ်ငန်းတာဝန်ဖြစ်ပြီး ဘုရားသခင်၏ အံ့ဖွယ်ကောင်းသည့် ကျန်ကြွင်းသောအသင်းတော် (remnant church) တည်ရှိရခြင်း၏အကြောင်းရင်းလည်းဖြစ်ပါသည်။

'Testimonies for the Church' စာအုပ်အတွဲ ၉ တွင် ကျွန်ုပ်တို့ ဤသို့ ဖတ်ရှုရသည်- "သတ္တမနေ့ဥပုသ်ယုံကြည်သူများသည် အထူးသဖြင့် ကမ္ဘာလောကတွင် ကင်းစောင့်သူများနှင့် အလင်းဆောင်သူများအဖြစ် ထားရှိခြင်းခံရသည်။ ပျက်စီးလုနီးပါးဖြစ်နေသော ကမ္ဘာလောကအတွက် နောက်ဆုံးသတိပေးချက်ကို သူတို့အား ပေးအပ်ထားသည်။ အလွန်အရေးကြီးသော တာဝန်တစ်ခုဖြစ်သည့် ပထမ၊ ဒုတိယနှင့် တတိယကောင်းကင်တမန်များ၏ သတင်းစကားများကို ကြော်ညာခြင်းလုပ်ငန်းကို သူတို့အား ပေးထားသည်။ ဤထက် ပိုအရေးကြီးသော အခြားမည်သည့်လုပ်ငန်းမှ မရှိပါ။ အခြားမည်သည့်အရာကမျှ သူတို့၏အာရုံကို လွှမ်းမိုးခြင်းမပြုရ"။

ဗျာဒိတ်ကျမ်း ၁၄:၆-၁၂ တွင် ဖော်ပြထားသော နောက်ဆုံးကာလသတင်းစကားများကို အပိုင်းသုံးပိုင်း ခွဲခြားထားပါသည်။ ပရောဖက်ပြုခြင်းဆိုင်ရာ ဝိညာဉ်တော်၏ဖွင့်ပြချက်အရ၊ ပထမနှင့် ဒုတိယ သတင်းစကားများကို ကနဦးကြွလာခြင်း (Advent) ယုံကြည်သူများမှ ပေးဝေခဲ့ကြသည်ဟု ဆိုပါသည်။ တတိယသတင်းစကားကိုမူ ပထမနှင့်ဒုတိယ ပေါင်းထည့်ပြီး သခင်ယေရှုပြန်လည်မကြွလာမီလေးတွင် ပေးဝေသွားမည် ဖြစ်ပါသည်။

ဤသတင်းစကားသုံးခုပေါင်းစပ်ခြင်းသည် သခင်ယေရှုနှင့် တွေ့ဆုံရန် ပြင်ဆင်ကြဖို့ ဤလောကကြီးကို ဘုရားသခင်နောက်ဆုံးအနေဖြင့် ပန်ကြားတိုက်တွန်းခြင်း ဖြစ်လာပါလိမ့်မည်။

ဤတန်ခိုးကြီးသော သတင်းစကားများကို ကြွေးကြော်ဟောကြားရင်း ဘုရားသခင်၏ ကြီးမြတ်သော အမှုတော် ကို အဆုံးသတ်နိုင်ရန်၊ ကျွန်ုပ်တို့အားတန်ခိုးပေး၍ အသင့်ပြင်ဆင်ပေးနေခြင်းသည် စိတ်လှုပ်ရှားဖွယ်ရာ အနာဂတ်ပင် ဖြစ်ပါသည်။ သခင်ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို အပြည့်အဝ အားကိုးခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် မည်သည့်အရာကိုမဆို ပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

မကြာမီဖြစ်ပေါ်လာတော့မည့်အလွန်ထူးခြားသော အရာတစ်ခုအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးစီတိုင်းကို ပြင်ဆင်ပေးနေပါသည်။ ထိုအရာမှာ သန့်ရှင်းသောဝိညာဉ်တော်၏ နောက်ဆုံးမိုး သွန်းလောင်းခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဤထူးခြားသောဆုကျေးဇူးကိုလက်ခံရရှိသောအခါ၊ ကိုယ်တော်၏နောက်ဆုံး ကာလသတင်းစကားဖြင့် တစ်ကမ္ဘာလုံးသို့ ရောက်ရှိစေရန် ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြင့် တန်ခိုးကြီးစွာ အမှုပြုတော်မူလိမ့်မည်။ ထိုအခါ အဆုံးသည် ရောက်လာလိမ့်မည်။

**သခင်ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို အပြည့်အဝ အားကိုးခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် မည်သည့် အရာကိုမဆို ပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။**

## ထာဝရဘုရားကို မှီခိုလော့

ယေရှုမကြာမီ ပြန်ကြွလာတော့မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်း ကို အပြည့်အဝ မှီခိုအားထားရန် လိုအပ်ပါသည်။ ကိုယ်တော်က ကျွန်ုပ်တို့အတွက် တာဝန်ပေးအပ်ထားသည့်အရာကို သစ္စာရှိရန် လိုအပ်ပါသည်။ ၂ ပေ ၃:၁၀-၁၃ တွင် ဤသို့ဖတ်ရှုရသည်- ထာဝရဘုရား၏နေ့ရက်သည် သူခိုးကဲ့သို့ရောက်လာလိမ့်မည်။ ကောင်းကင်သည် မြည်ဟည်း၍ ပျောက်ကွယ်လိမ့်မည်။ လောကဓာတ်တို့သည် အလွန်ပူပြင်း၍ ပျက်ပြယ်သွားကြလိမ့်မည်။ ကမ္ဘာမြေကြီးနှင့် ကမ္ဘာမြေပေါ်တွင် ပြုလုပ်ထားသမျှ အရာအားလုံးသည် ပျောက်ကွယ်သွားလိမ့်မည်။ အရာအားလုံးသည် ဤနည်းအားဖြင့် ဖျက်ဆီးခံရမည်ဖြစ်သောကြောင့် **သင်တို့သည် မည်သို့သောသူများ ဖြစ်သင့်သနည်း။** သန့်ရှင်းစွာ ပြုမူနေထိုင် လျက် ဘုရားတရားကိုင်းရှိုင်းခြင်းဖြင့် ဘုရားသခင်၏ နေ့ရက်ကို စောင့်မျှော်၍ ထိုနေ့ရက်ကို အလျင်အမြန်လာစေသင့်၏။ ထိုနေ့၌ ကောင်းကင်သည် မီးလောင်ကျွမ်း၍ ပျက်ပြယ်သွားလိမ့်မည်။ လောကဓာတ်တို့သည်လည်း ပြင်းထန်သော အပူရှိန်၌ အရည်ပျော်သွားလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် ကိုယ်တော်၏ကတိတော်အတိုင်း ဖြောင့်မတ်ခြင်းတရားတည်ရှိရာ ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို စောင့်မျှော်နေကြ၏။”

သတ္တမနေ့ ဥပုသ်အသင်း (Seventh-day Adventist) ယုံကြည်သူတစ်ဦးအနေဖြင့် သင်သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို သစ္စာရှိစွာ မျှော်လင့်နေပါသလား။ သင်သည် သခင်ဘုရား၏ကျမ်းစာပါအမှန်တရားနှင့် ဗျာဒိတ်ကျမ်း အခန်းကြီး ၁၄ ပါ ကောင်းကင်တမန်သုံးပါး၊ ဘုရားသခင်၏ကြီးမြတ်သောကြွေးကြော်သံအတွက် ခိုင်မြဲစွာ ရပ်တည်နေပါသလား။ သင်နှင့် ထိတွေ့ဆက်ဆံသူအားလုံးက ဘုရားသခင်အပေါ် သင်၏သစ္စာရှိမှုကို သိကြပါသလား။ ဘုရားသခင်သည် ကိုယ်တော်၏ကျန်ကြွင်းသောအသင်းတော်(remnant church) အတွက် အထူးအစီအစဉ်ရှိကြောင်း သင်ယုံကြည်စိတ်ချပါသလား။

ကျွန်ုပ်တို့သည် အခြားသူများထက် ပိုအထူးအဆန်းဖြစ်သည်ဟု မဆိုလိုပါ။ ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရား၏ကယ်တင်ခြင်းကျေးဇူးတော်နှင့် ကရုဏာတော်ကို လိုအပ်နေကြပါသည်။ သို့သော် သတ္တမနေ့ ဥပုသ်အသင်း (Seventh -day Adventist) ယုံကြည်သူများအနေဖြင့် ကောင်းကင်ပြိုကျသော်လည်း ကိုယ်တော်၏နောက်ဆုံးကာလသတင်းစကားကိုပေးပို့ရန် နှင့် အမှန်တရားအတွက် ရပ်တည်ရန် ဘုရားသခင်က ကျွန်ုပ်တို့ကို ခေါ်တော်မူပါသည်။ ယနေ့မျက်မှောက်ခေတ်လောကီ၊ ရုပ်ဝါဒနှင့် ခေတ်နောက်ပိုင်းကမ္ဘာတွင် ကိုယ်တော်အတွက် သစ္စာရှိသော သက်သေများဖြစ်ရန် ကျွန်ုပ်တို့ကို ခေါ်တော်မူသည်။

**"စိတ်အားထက်သန်စွာမျှော်လင့်နေခြင်း"**

မကြာမီတစ်နေ့တွင်ကျွန်ုပ်တို့သည် အရှေ့ကောင်းကင်ယံ၌ လူတစ်ဦး၏ လက်သီးတစ်ဝက်ခန့်အရွယ်ရှိ တိမ်တိုက်မဲမဲ လေးတစ်ခုကို မြင်ရပါလိမ့်မည်။ ထိုတိမ်တိုက်သည် ပို၍ပို၍ကြီးလာပြီး ပို၍ပို၍တောက်ပလာမည် . . . ဤကမ္ဘာ့သမိုင်း၏အထွတ်အထိပ်အတွက် ကောင်းကင်ဘုံတစ်ခုလုံးကို သွန်းလောင်းပေးလိမ့်မည်ဖြစ်သည်။ လူတိုင်းသည် ကောင်းကင်ဘုံ၏အံ့ဖွယ်အမှုကြောင့် ကိုယ်တော်ကို တစ်ချိန်တည်းမြင်ရပါလိမ့်မည်။

ထိုနေရာ၌ ကျွန်ုပ်တို့စောင့်ဆိုင်းနေသော တစ်ပါးတည်းသောသူသည် ဘုရားကောင်းကင်တမန် သန်းပေါင်းများစွာ၏အလယ်တွင် ထိုင်နေသူဖြစ်သည်။ ကိုယ်တော်သည် နှိမ့်ချသော၊ ကျိုးပဲ့သောသိုးသငယ်မဟုတ်၊ ယဇ်ပုရောဟိတ်မင်းမဟုတ်၊ ရှင်ဘုရင်တကာတို့၏ရှင်ဘုရင်နှင့် သခင်တကာတို့၏သခင်ဖြစ်သော ယေရှုခရစ်၊ ကျွန်ုပ်တို့၏ရွေးနှုတ်ရှင်ဖြစ်သည်။ ကျွန်ုပ်တို့သည် မော့ကြည့်ပြီး “ဤသည်ကား ငါတို့စောင့်မျှော်လျက်ရှိသောဘုရားသခင်ပေတည်း” ဟုပြောကြလိမ့်မည်။ ခရစ်တော်သည် အောက်သို့ကြည့်ပြီး "သစ္စာရှိသောအစေခံကောင်း... သင်သည် သေးငယ်သောအမှုကိစ္စ၌ပင် သစ္စာရှိခဲ့ပြီ။ ထို့ကြောင့် များစွာသောတာဝန်များကို သင့်အားငါလွှဲအပ်မည်။ ငါ၏စားသောက်ပွဲ၌ ပါဝင်ဆင်နွှဲလော့" ဟုပြောလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့သည် လေထဲတွင်သခင်ဘုရားနှင့် တွေ့ဆုံရန် ထမြောက်၍ ကိုယ်တော်နှင့်အတူ ထာဝရနေထိုင်ရန် အိမ်သို့ပြန်ကြလိမ့်မည်ဖြစ်သည်။

ဘုရားသခင်သည် မိမိ၏အမှုတော်ကိုအဆုံးသတ်နိုင်ရန် ကိုယ်တော်၏တန်ခိုးကို သင်တို့အား ပေးသနားမည်ဟု ကတိတော်ထားရှိပါသည်။ စည်းလုံးသော အသင်းတော်အနေဖြင့် ကောင်းကင်တမန်သုံးပါး၏သတင်းစကားများကို ကြွေးကြော်ဟောကြားပြီး မိမိ၏အမှုတော်ကို အဆုံးသတ်နိုင်ရန် ကိုယ်တော်သည် မိမိ၏လူတို့အပေါ်သို့ နောက်မိုးကို သွန်းလောင်းတော်မူလိမ့်မည်။ သို့ဖြစ်၍ ဘုရားသခင်၏အမှုတော်ကို အဆုံးသတ်နိုင်ရန် ကျွန်ုပ်တို့၏အသက်တာ၊ အင်အား၊ ပါရမီ၊ အသုံးအဆောင်များနှင့် အချိန်တို့ကိုဆက်ကပ်ကြပါစို့။ သို့မှသာ ကိုယ်တော်၏တန်ခိုးတော်အားဖြင့် ဖြစ်နိုင်သမျှများစွာသောသူတို့ကို ကယ်တင် ပြီး ထာဝရအိမ်တော်သို့ ပြန်သွားနိုင်ကြမည် ဖြစ်သည်။ Testimonies for the Church, vol. 9, p. 19.

**6 တနင်္ဂနွေနေ့**

**"ငါ့မှာ လက်တွေမရှိဘူး။ သင်တို့ရဲ့ လက်တွေပဲ ရှိတယ်။"**
ဘုရားသခင်သည် လူသားများ၏**လက်တွေ့လုပ်ဆောင်မှုများ**မှတစ်ဆင့်သာ ဤလောကတွင် အလုပ်လုပ်တော်မူသည်။

**JOHN BRADSHAW**

ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဒီယေဂိုမြို့ရှိ ဘုရားရှိခိုးကျောင်းရဲ့အပြင်ဘက်မှာရှိတဲ့ ယေရှုရဲ့ရုပ်တုကို လူရမ်းကားများက လက်တွေကို ဖြတ်လိုက်တဲ့အခါ လမ်းသွားလမ်းလာတွေ မြင်နိုင်တဲ့နေရာမှာ ဆိုင်းဘုတ်တစ်ခုကို အသင်းတော်ဝန်ထမ်းတစ်ဦးက ချိတ်ဆွဲခဲ့ပါတယ်။ ဆိုင်းဘုတ်မှာ ဖျက်ဆီးသူတွေကို ပြစ်တင်ရှုတ်ချတဲ့ စာသားမျိုးမဟုတ်ဘဲ တစ်ကမ္ဘာလုံးကို ဆွဲဆောင်တဲ့စာသားဖြစ်တဲ့ **"ငါ့မှာ မင်းတို့ရဲ့လက်တွေပဲ ရှိတယ်"** ဆိုပြီး ရေးသားထားပါတယ်။

**သခင်ယေရှုဟာ ကမ္ဘာမြေကို စွန့်ခွာပြီး ကောင်းကင်ဘုံကို မတက်ကြွခင်မှာ အရင်းနှီးဆုံးသော တပည့်တော်တွေကို အခုလို မိန့်တော်မူခဲ့ပါတယ်။** သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုရရှိ၍ ဂျေရုဆလင်မြို့၊ ယုဒပြည်၊ ရှမာရိပြည်၊ ကမ္ဘာမြေအဆုံးတိုင်အောင်ငါ၏သက်သေခံများဖြစ်ကြလိမ့်မည်" (တမန် ၁း၈) ဆိုသည့် စကားများသည် မဿဲ ၂၈:၁၉၊ ၂၀ တွင် ယေရှုမိန့်ဆိုခဲ့သောစကား၏ပဲ့တင်သံဖြစ်ပါသည်။ **ထို့ကြောင့် သင်တို့သွား၍ လူမျိုးအပေါင်းတို့ကို ငါ့တပည့်ဖြစ်စေကြလော့။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့၏အမည်နာမ၌ သူတို့ကို နှစ်ခြင်းမင်္ဂလာပေးကြလော့။ သင်တို့အားငါပေးသမျှသောပညတ်တော်အားလုံးကို သူတို့အားသွန်သင်လော့။ ငါသည်လည်း ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်အမြဲရှိနေမည်"...**

မဟာတာဝန်ပေးချက် (The Great Commission) သည် အရေးကြီးသောအမှန်တရားကို ဆက်သွယ်ဖော်ပြသည်။ တပည့်တော်တို့၏ လက်များမှလွဲ၍ သခင်ယေရှုတွင် အခြားလက်များမရှိပါ။ သူ၏တပည့်တော်များအား နှုတ်ဆက်စဉ်အချိန်တွင်၊ ဧဝံဂေလိတရား၏ကယ်တင်ခြင်းသတင်းသည် ပျောက်ဆုံးနေသည့်ကမ္ဘာအရပ်ရပ်သို့ ရောက်ရှိစေရန် လုပ်ဆောင်ဖို့တာဝန်ကို အပ်နှင်းခဲ့ပါသည်။

ယနေ့ကမ္ဘာ့လူဦးရေ သန်း ၈၀၀၀ ကျော်အနက်၊ သန်း ၂၅၀၀ ခန့်သာ ခရစ်ယာန်များဖြစ်သည်ဟု ခန့်မှန်းရသည်။ ခရစ်ယာန်မဟုတ်သော လူဦးရေ ၅၅၀၀ သန်းခန့်အနက်မှ အများအပြားသည် ယေရှုအကြောင်း သို့မဟုတ် လက်ဝါးကပ်တိုင် အကြောင်းကြားတောင်မကြားဖူးကြပေ။ သို့ဆိုလျှင်၊ အသင်းတော်သည် သို့မဟုတ် အသင်းသားတစ်ဦးသည် ဤမျှများပြားလှသော လူဦးရေအပေါ် အကျိုးသက်ရောက်မှုရှိအောင် မည်ကဲ့သို့ လုပ်ဆောင်နိုင်မည်နည်း။

## ပျောက်ဆုံးသူများ

အခြားသူများအား သခင်ယေရှုအကြောင်း ဝေမျှခြင်းဆိုင်ရာ အခွင့်ထူးကို ဆုပ်ကိုင်ထားနိုင်ရန် သူ၏လူများကို အားပေးရန် ရည်ရွယ်ချက်ဖြင့် လုကာ ၁၅ တွင် ယေရှုသည် သီးသန့်ဥပမာသုံးခုကို သွန်သင်ခဲ့သည်။ သဘာဝအားဖြင့် ဆင်တူသော်လည်း၊ ထိုဥပမာများတွင် မတူညီတဲ့ အမှန်တရားတွေကို အလေးအနက်ဖော်ပြခဲ့ပါသည်။

"ဖြုန်းတီးသောသား" (The Prodigal Son) သည် သူ့အားပျော်ရွှင်မှုပေးမည်ဟု ထင်မြင်ယူဆထားသမျှအရာအားလုံးကို ဆုံးရှုံးသွားပြီးနောက်မှသာ မိမိ၏အတွက်ကိုသာကြည့်တတ်သောစိတ် ပျောက်ကင်းသွားခဲ့ပါသည်။ သူရရှိခဲ့ဖူးသော ချစ်ခြင်းမေတ္တာကို အမှတ်ရလျက်၊ သူ့အဖေနဲ့ ပြန်ပေါင်းစည်းခွင့်ရမယ်ဆိုရင် ကျွန်တစ်ယောက်အဖြစ်နဲ့နေဖို့ကိုတောင် ဝန်မလေးဘဲ၊ သူသည် ငွေကြေးရော ဂုဏ်မာနပါ ကင်းမဲ့စွာဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ **(ဤသည်မှာ သူ၏မာနကို အပြည့်အဝ စွန့်လွှတ်လိုက်ခြင်းဖြစ်သည်။)** ပျောက်သောသား၏ ဤဥပမာအဖြစ်အပျက်သည်ဘုရားသခင်၏ စိတ်နှလုံးတော်နှင့်ပတ်သက်၍ အရေးကြီးသော အကြောင်းအရာတစ်ခုကို သင်ကြားပေးပါသည်။ ထိုအချက်မှာ လူတစ်ဦးသည် ဘုရားသခင်ကို စွန့်ခွာရန် ရွေးချယ်နိုင်သော်လည်း၊ ဘုရားသခင်သည် လမ်းပျောက်နေသူကို ဘယ်တော့မှ စွန့်ပယ်တော်မူလိမ့်မည်မဟုတ်ပါ။

ဝက်ခြံထဲတွင်ရှိနေစဉ် ဆာလောင်မွတ်သိပ်ခြင်းကြောင့် ဗိုက်ထဲ၌ ပူလောင်နာကျင်နေသော လူငယ်လေးသည် ဘုရားသခင်၏ဝိညာဉ်တော်အသံကို စိတ်နှလုံးထဲ၌ ကြားရသောအခါ "သတိရလေ၏" (လုကာ ၁၅:၁၇)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ယခုတိုင် လမ်းလွဲနေသော အပြစ်သားများအား လိုက်ရှာတော်မူဆဲဖြစ်ပြီး၊ လုံခြုံမှုရှိသောနေရာ၊ ဘုရားသခင်၏မေတ္တာတော်နှလုံးသားသို့ ပြန်လာကြရန် သူတို့အား တိုက်တွန်းနှိုးဆော်နေဆဲဖြစ်သည်။ **ဘုရားသခင်သည် ပျောက်ဆုံးနေသူများအား ကိုယ့်ဘာသာကိုယ် လမ်းရှာကြရန် ချန်ထားလေ့မရှိပါ။**

ပျောက်ဆုံးသောသားနဲ့မတူတာက အိမ်ရှင်ရဲ့အိမ်ထဲမှာ ပျောက်သွားတဲ့ဒင်္ဂါးပြားဟာ သူကိုယ်တိုင်ပျောက်နေမှန်း မသိခဲ့ပါဘူး။ တန်ဖိုးရှိတဲ့ပိုင်ဆိုင်မှုကို ပြန်တွေ့တဲ့အထိ ပိုင်ရှင်ဖြစ်သူက တံမြက်စည်းလှည်းပြီး ရှာဖွေခဲ့ပါတယ်။ ငွေဒင်္ဂါးပြား ပျောက်ဆုံးခဲ့တဲ့ အမျိုးသမီးဟာ တန်ဖိုးရှိတဲ့အရာကို ဆုံးရှုံးခဲ့ပြီး ဖခင်တစ်ဦးကလည်း သားတစ်ယောက်ကို ဆုံးရှုံးခဲ့ရပေမယ့် နောက်ထပ်ပုံဥပမာတစ်ခုမှာတော့ သိုးအုပ်ရဲ့ ၁ ရာခိုင်နှုန်းသာ ဆုံးရှုံးခဲ့တဲ့ လူတစ်ယောက်အကြောင်း ပြောပြထားပါတယ်။ မြင်းတွေဟာ ဒေါ်လာသန်းနဲ့ချီပြီးရောင်းဈေးရရှိနိုင်သလို၊ နွားထီးနဲ့နွားမတွေကလည်း ထောင်နဲ့ချီပြီး ရောင်းချနိုင်ပေမယ့် သာမန်သိုးတစ်ကောင်ဟာ အထူးတလည် တန်ဖိုးရှိလှတာမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ပျောက်ဆုံးသွားတဲ့သိုးရဲ့ ပုံပမာမှာ သိုးထိန်းတစ်ဦးဟာ သိုး ၉၉ ကောင်ကိုထားခဲ့ပြီး အန္တရာယ်ရှိနိုင်တဲ့ ကျေးလက်ဒေသကို သိုးတစ်ကောင်တည်းကို ပြန်ခေါ်ဖို့အတွက် ထွက်သွားခဲ့ပါတယ်။

သူ့သိုးတွေထဲက တစ်ကောင်ပျောက်နေတယ်ဆိုတာကို သိုးထိန်းက ဘယ်လိုသိသလဲဆိုတာ အံ့သြစရာပါ။ သိုးကောင်ရေ ၁၀၀ နဲ့ ၉၉ ကို ကြည့်ရုံနဲ့ ခွဲခြားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီသိုးထိန်းဟာ သူ့ရဲ့သိုးအုပ်ကို ဂရုတစိုက်စောင့်ရှောက်ခဲ့တယ်ဆိုတာ ရှင်းနေပါတယ်။ ဒါဟာ လမ်းလွဲနေတဲ့ သားသမီးတွေအပေါ်မှာ ဘုရားသခင်ရဲ့ ကြီးမားလှတဲ့ ချစ်ခြင်းမေတ္တာကို ဖော်ပြပါတယ်။ ဘုရားသခင်ဟာ သူ့သားသမီးတွေထဲက တစ်ယောက်ယောက် လမ်းလွဲသွားတဲ့အခါ သတိထားမိပြီး စကြာဝဠာ သမိုင်းတစ်လျှောက်မှာ အကုန်အကျအများဆုံး ကယ်တင်ခြင်းမစ်ရှင်ကို လုပ်ဆောင်ဖို့အထိ ဂရုစိုက်ပါတယ်။

ဧလင်ဝိုက်က "The Desire of Ages" စာအုပ်တွင် ဤသို့ရေးသားထားသည်–**"လူ့ဝိညာဉ်တစ်ခုရဲ့ တန်ဖိုးဟာ အလွန်ကြီးမားတာကြောင့် ဒီတန်ဖိုးနဲ့နှိုင်းယှဉ်ရင် ကမ္ဘာလောကကြီးတွေတောင်မှ တန်ဖိုးမဲ့သွားပါတယ်။"**

**ဖာရိရှဲတွေကို ယေရှုမေးခဲ့တဲ့မေးခွန်းက ယနေ့သူ့ရဲ့အသင်းတော်ကို ဦးတည်ပြီး မေးထားပါတယ်။** "အကယ်၍ သင်တို့အထဲမှ တစ်စုံတစ်ဦးတွင် သိုးအကောင်တစ်ရာရှိရာ ထိုသိုးများအနက် တစ်ကောင်ပျောက်ဆုံးသွားပါက အခြားသောသိုးကိုးဆယ့်ကိုးကောင်ကို စားကျက်တွင် ထားခဲ့ပြီးလျှင် ပျောက်သောသိုးတစ်ကောင်ကို တွေ့သည်တိုင်အောင် ရှာမည်မဟုတ်လော။?" (Luke 15:4).

**ဒါဟာ အဖြေမလိုတဲ့ မေးခွန်းတစ်ခုပါ။** ဟုတ်ပါတယ်။ သူတို့က ပျောက်ဆုံးနေတဲ့သိုးကို ရှာဖွေမှာ သေချာပါတယ်။ တခြားအခါသမယ တစ်ခုမှာ ယေရှုမိန့်တော်မူခဲ့သလိုပါပဲ။ "လူတစ်ဦးသည် သိုးတစ်ကောင်ထက် များစွာအဖိုးတန်သည် မဟုတ်လော။?" (Matt. 12:12).

**လူတစ်ဦးက ဘုရားသခင်ကို စွန့်လွှတ်ဖို့ ရွေးချယ်နိုင်ပေမဲ့ ဘုရားသခင်ကတော့ ပျောက်ဆုံးသွားတဲ့သူတွေကို စွန့်ပစ်ထားမှာ မဟုတ်ပါဘူး။**

**ဘုရားသခင်မြင်တွေ့သည့်အရာ**

ကျွန်တော်အိမ်အနီးမှာ လမ်းလျှောက်နေတုန်း ဘေးနားက မြေပြင်ပေါ်ကို ပျော့ပျောင်းတဲ့အရာတစ်ခု ပြုတ်ကျသံ ကြားလိုက်ရတယ်။ သွားကြည့်လိုက်တော့ မျက်လုံးအမှတ်အသားနဲ့တူတဲ့ ထူးခြားတဲ့ သတ္တဝါလေးတစ်ကောင်ကို တွေ့လိုက် ရတယ်။ သူ့မှာ ဘေးတိုက်လှုပ်ရှား နေတဲ့ အာရုံခံအင်တင်နာနှစ်ခုလည်း ရှိပါတယ်။ ဇနီးသည်ကို ပြဖို့ အဲဒီပိုးကောင်နဲ့တူတဲ့ သတ္တဝါလေးကို ဓာတ်ပုံရိုက်၊ ဗီဒီယိုရိုက်ပြီး အိမ်ကိုပြန်ရောက်လာတဲ့အခါ သူမကိုပြလိုက်တယ်။

သူမရဲ့တုံ့ပြန်မှုက တိကျပြတ်သားပါတယ်။ **"ဘယ်မှာလဲ။ ငါတို့ကယ်ရမယ်။ ချက်ချင်းလိုက်ပို့ပေး!"** သူမက ပုံး တစ်ပုံးကိုဆွဲပြီး လမ်းထဲထွက်သွားကာ အဲဒီခူကောင်လေးကို ကောက်ယူပြီး အိမ်ကို ယူလာခဲ့ပါတယ်။ အွန်လိုင်းမှာ ခဏလေးရှာဖွေပြီးတဲ့နောက်မှာတော့ ဒါဟာ လိပ်ပြာတစ်မျိုးရဲ့ ပိုးတုံးလုံးဖြစ်တယ်ဆိုတာကို သူမသိရှိခဲ့ပါတယ်။ သူမဟာ အဲဒီပိုးလောင်းလေးအတွက် အိမ်သစ်တစ်ခုကို ပြင်ဆင်ပြီး သူ့ရဲ့နေရာအသစ်မှာ ထားခဲ့ပါတယ်။ ကျွန် တော်တို့စောင့်ကြည့်နေခဲ့ပေမဲ့ နောက်ရက်တွေမှာ ဘာမှမလုပ်ဘဲရှိနေခဲ့ပါတယ်။ နှစ်ပတ်လောက်ကြာတော့ ကျွန်တော့် ဇနီးဆီကနေ စိတ်လှုပ်ရှားစွာနဲ့ စာတိုတစ်စောင်ရောက်လာပါတယ်။ **"ဒါကိုကြည့်လိုက်စမ်း!"** လို့ သူမရေးထားပါတယ်။ ဘယ်သူမှ မကြည့်တဲ့အချိန်မှာ လှပတဲ့ အဝါနဲ့အနက်ရောင် လိပ်ပြာလေးတစ်ကောင်ထွက်လာခဲ့ပါတယ်။ ပူနွေးတဲ့နေ ရောင်ထဲမှာ သူ့ရဲ့အတောင်ပံတွေကိုဖြန့်ကျက်ပြီး ဘယ်ဆီကိုမှန်းမသိတဲ့နေရာဆီသို့ မြင့်မားစွာ ပျံသန်းထွက်ခွာသွား ခဲ့ပါတယ်။

ကျွန်တော်က အင်းဆက်ပိုးကောင်တစ်ကောင်ကို တွေ့ခဲ့ပေမဲ့ ကျွန်တော့်ဇနီးကတော့ ဘာဖြစ်လာနိုင်မလဲဆိုတာ ကို တွေ့ခဲ့ပြီး အကူအညီမဲ့နေတဲ့ သတ္တဝါအပေါ်မှာ သနားကရုဏာစိတ် ဝင်ခဲ့ပါတယ်။ သင်ဟာ ပျောက်ဆုံးနေတဲ့သူတစ် ဦးကို တွေ့မြင်တဲ့နေရာမှာ ဘုရားသခင်ကတော့ အမှန်တရားအတွက် ရဲရင့်တဲ့သက်သေခံတစ်ဦးဖြစ်လာနိုင်တဲ့သူကိုမြင် ပါတယ်။ သင်ဟာ ကျမ်းစာကို လေးစားမှုမရှိတဲ့သူတစ်ဦးကို တွေ့မြင်တဲ့နေရာမှာ ဘုရားသခင်ကတော့ အသင်းတော် ကျောင်းဆရာ၊ သင်းအုပ်ဆရာ ဒါမှမဟုတ် သာသနာပြုဆရာဖြစ်လာနိုင်တဲ့သူကိုမြင်ပါတယ်။ သင်ဟာ ပေါ့ဆတဲ့ဝိညာဉ် ကို မြင်တဲ့နေရာမှာဘုရားကတော့ ဧဝံဂေလိသတင်းတရားရဲ့အလင်းကို တခြားသူတွေနဲ့ ဝေမျှဖို့ သူပြောင်းလဲပေးနိုင်ပြီး အသုံးပြုနိုင်မယ့်သူကို မြင်ပါတယ်။

ကမ္ဘာပေါ်တွင် ဘီလီယံနှင့်ချီသော လူတို့သည် ယေရှုကို ကယ်တင်ရှင်အဖြစ် မသိရှိကြဘဲ ခရစ်တော်မဲ့သော သင်္ချိုင်းသို့ဦးတည်နေကြသောကြောင့်၊ ကရုဏာတရားသည် ကျွန်ုပ်တို့အား ခရစ်တော်အားဖြင့်ရသော ကယ်တင်ခြင်းနှင့် ဆိုင်သည့် သတင်းကောင်းကို တစ်စုံတစ်ဦးထံသို့ အရောက်ဝေငှရန် တိုက်တွန်းလျက်ရှိသည်။ အချို့က နတ်ဆိုးစွဲသောသူ ဟု မြင်နေချိန်တွင်၊ ယေရှုကမူ သာသနာပြုတစ်ဦးကို မြင်တော်မူခဲ့သည်။ ထိုသူသည် မကြာမီပင် "ယေရှုသည် မိမိအပေါ် မည်သို့ကျေးဇူးပြုတော်မူကြောင်းကို ဒေကာပေါလိပြည်တွင် လှည့်လည်ပြောဆိုရာ လူများစွာတို့သည် အံ့သြကြ၏။" (မာကု ၅:၂၀)။

ရေတွင်းမှာ သခင်ယေရှုနဲ့ တွေ့ဆုံပြီးတဲ့နောက်မှာ အဲဒီအမျိုးသမီးဟာ ဧဝံဂေလိအမှုတော်ဆောင်တစ်ဦးအနေနဲ့ သူမရဲ့အိမ်ကို အလျင်အမြန် ပြန်ပြေးသွားခဲ့ပါတယ်။ "ကျွန်မပြုခဲ့သမျှကို အကုန်အစင်ဖော်ပြနိုင်သောသူကို လာကြည့် ကြပါ။ သူသည် ခရစ်တော်ဖြစ်မည်လော" ဟု လူတို့အား ပြောလေ၏။. . . ထိုမြို့၌ နေသော ရှမာရိလူမျိုးများစွာသည် ယေရှုကို ယုံကြည်လာကြ၏။" (ယောဟန် ၄:၂၉-၃၉)။

နိုင်ငံတော်နှင့်ဆိုင်သော သတင်းကောင်းကို ကမ္ဘာတစ်ဝန်းလုံးတွင် ဟောပြောကြ၍ လူမျိုးအပေါင်းတို့သည်လည်း ထိုသတင်းကောင်းကို ကြားကြလိမ့်မည်။ ထို့နောက်မှ ကမ္ဘာကုန်ဆုံးချိန်သည် ရောက်လာလိမ့်မည်။ (မဿဲ ၂၄:၁၄)။ ယနေ့တွင် သခင်ယေရှုသည် မိမိ၏အသင်းတော်ကို **"ကျွန်ုပ်၌ သင်တို့၏လက်များမှတစ်ပါး အခြားလက်များ မရှိ"** ဟူ၍ မိန့်တော်မူ၏။

8 Monday

The Mission     သာသနာ

JOHN BRADSHAW

**ယုံကြည်ခြင်းဖြင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီးနောက် ရှေ့ဆက်သွားခဲ့ကြသူများသည် ကမ္ဘာတစ်ဝှမ်းလုံးသို့ ဧဝံဂေလိတရား ပြန့်ပွားစေရန် ဘုရားပေးအပ်တော်မူသော တာဝန်ကို ရရှိခဲ့ကြသည်။**

**မေ့သွားတာမျိုး ဖြစ်နိုင်ပါတယ်။**

ချိန်းဆိုထားတဲ့ အစည်းအဝေးကို မေ့တာ၊ သော့တွေ ဘယ်ထည့်ထားမိသလဲဆိုတာကိုမေ့တာတွေက ထူးဆန်းတဲ့ကိစ္စတွေတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ပေါင် ၁၁,၀၀၀ (ကီလိုဂရမ် ၅,၅၀၀ နီးပါး) လေးတဲ့ ရွှေကိုတော့ ဘယ်လိုမေ့နိုင်မှာလဲ။

နယ်ချဲ့ကျူးကျော်သူတွေရဲ့ လုယက်မှုကနေ ကာကွယ်ဖို့အတွက် ယနေ့ထိုင်းနိုင်ငံဟု ခေါ်ဆိုသည့် ဒေသတွင် ရွှေသား အစစ်ဖြင့်သွန်းလောင်းထားသည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို အင်္ဂတေဖြင့် မံထားခဲ့ကြသည်။ ကာလကြာသော် ဗုဒ္ဓရုပ်ပွားတော်၏မူလ ဖွဲ့စည်းမှုအစစ်အမှန်ကို မေ့လျော့သွားခဲ့ကြပြီး ရိုးရှင်းသော သွပ်မိုးတစ်ခုအောက်တွင်သာ သိုလှောင်ထားခဲ့ကြသည်။ နှစ်ပေါင်း ၂၀၀ နီးပါး ကြာမှသာ ရုပ်ပွားတော်၏တန်ဖိုးကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြသည်။ ရုပ်ပွားတော်ကို နေရာရွှေ့ပြောင်းစဉ် အပြင်မှဖုံးကွယ်ထားသော အင်္ဂတေအချို့ ကွာကျသွားသောအခါ အတွင်း၌ ရွှေသားများပေါ်လာခဲ့သည်။ ယနေ့တွင် ထိုရွှေသားဗုဒ္ဓရုပ်ပွားတော်ကို ဘန်ကောက်မြို့လယ်ရှိ ကျောက်ဖရားမြစ်ဘေးတွင် ခမ်းနားထည်ဝါသောဝတ်ကျောင်းတော်တစ်ခု၌ ပူဇော်ထားရှိပါသည်။ အမေရိကန်ဒေါ်လာသန်း ၂၅၀ ကျော် တန်ဖိုးရှိသော ရုပ်ပွားတော်တစ်ဆူမှာ မျိုးဆက်ပေါင်းများစွာတိုင် မေ့လျော့ခြင်းခံခဲ့ရပါသည်။

ဒီထက်ပိုပြီး အရေးကြီးတဲ့ အရာတစ်ခုကို မေ့လျော့သွားဖို့ဆိုတာလည်း ဖြစ်နိုင်ပါတယ်။ တမန်တော်ဝတ္ထုကို စတင်ဖွင့်ဆိုရာမှာ စကားစုများက ဤသို့ဆိုထားပါသည် "အသင်းတော်ဟာ လူသားတွေကို ကယ်တင်ဖို့အတွက် ဘုရားသခင်ခန့်အပ်ထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ သူ့ကို အမှုတော်ဆောင်ဖို့အတွက် စုစည်းတည်ထောင်ထားတာဖြစ်ပြီး၊ သူ့ရဲ့တာဝန်ကတော့ ဧဝံဂေလိတရားကို တစ်ကမ္ဘာလုံးဆီ ယူဆောင်သွားဖို့ပဲဖြစ်ပါတယ်။" **(The Acts of the Apostles, p. 9)** အသင်းတော်တည်ရှိရခြင်း၏အကြောင်းတရားကို မေ့လျော့သွားခဲ့လျှင် အသင်းတော်အတွက် ဘယ်လောက်ကြေကွဲစရာဖြစ်မလဲ။

## တစ်ဖန်ပရောဖက်ပြုဟောပြောရမည်..

ဗျာဒိတ်ကျမ်း ၁၀ အရ ၁၈၄၄ ခုနှစ်တွင် နှစ်ခြင်းအသင်းအုပ်ဆရာ William Miller ၏နောက်လိုက်များသည် သခင်ယေရှုပြန်ကြွလာခြင်းကို စိတ်အားထက်သန်စွာ မျှော်လင့်နေခဲ့ကြသည်။ ၎င်းတို့၏ မျှော်လင့်ချက်သည် အစတွင် ပျားရည်ကဲ့သို့ ချိုမြိန်ခဲ့သော်လည်း နောက်ပိုင်းတွင် အမှန်တကယ် ခါးသီးလာခဲ့သည်။

ထိုအခါ ဘုရားသခင်က ယုံကြည်သူများအား "သင်သည် များစွာသောလူမျိုး၊ တိုင်းနိုင်ငံများ၊ ဘာသာစကား အသီးသီးပြောဆိုသူများ၊ ဘုရင်များကို တစ်ဖန်ပရောဖက်ပြုဟောပြောရမည်" **(ဗျာဒိတ် ၁၀း၁၁)**ဟု ရှင်းလင်းစွာ မိန့်မှာခဲ့သည်။ စိတ်ပျက်အားငယ်မှုနောက်ပိုင်းတွင် ဆက်လက်ယုံကြည်သူများအား ဧဝံဂေလိတရားကို ကမ္ဘာတစ်ဝှမ်းလုံးသို့ ယူဆောင်သွားရန် ဘုရားသခင်က တာဝန်ပေးခဲ့သည်။

သူတို့မျှော်လင့်ထားသည့်အတိုင်း သခင်ယေရှု ပြန်လာမည်မဟုတ်ကြောင်း သဘောပေါက်လာသောကြောင့် ဝီလျံမီလာ၏နောက်လိုက်များ စိတ်ပျက်အားငယ်ခဲ့ရသော်လည်း အသင်းတော်၏အမှုတော်နှင့်ပတ်သက်၍ ဘာမှ မပြောင်းလဲခဲ့ပါ။ ထိုအမှုတော်သည် ပို၍ပင် ထင်ရှားထက်မြက်လာပါသည်။ ဗျာဒိတ်ကျမ်းတွင်ယောဟန်သည် ကောင်းကင်တမန်သုံးပါးအကြောင်း ရေးသားခဲ့ပြီး ကမ္ဘာမြေ၏နောက်ဆုံးသောကာလများ၌ ကမ္ဘာတစ်ဝှမ်းလုံးသို့ ရောက်ရှိရမည့်သတင်းစကား တစ်ခုစီကို ယူဆောင်လာခဲ့သည်။ **ပထမကောင်းကင်တမန်က..** ကမ္ဘာလောက၌နေထိုင်ကြသောသူများဟူသော တိုင်းနိုင်ငံအသီးသီး၊ မျိုးနွယ်စုအသီးသီး၊ ဘာသာစကားအသီးသီးပြောသည့်သူများနှင့် လူမျိုးအသီးသီးတို့အား ထာဝရသတင်းကောင်းကိုဟောပြောရန် ကောင်းကင်အလယ်၌ပျံသန်းနေသည်ကိုကျွန်ုပ်မြင်ရ၏။ ထိုကောင်းကင်တမန်က "တရားစီရင်တော်မူမည့်အချိန်ရောက်လာပြီဖြစ်သောကြောင့် ဘုရားသခင်ကို ကြောက်ရွံ့၍ ဘုန်းတော်ကို ချီးမွမ်းကြလော့။ ကောင်းကင်နှင့်မြေကြီးကိုလည်းကောင်း၊ ပင်လယ်နှင့်စမ်းရေတွင်းတို့ကိုလည်းကောင်း ဖန်ဆင်းတော်မူသည့် အရှင်ကို ကိုးကွယ်ကြလော့" ဟု ကျယ်လောင်စွာ ကြွေးကြော်လေ၏။ (ဗျာဒိတ် ၁၄း၆-၇) **ဒုတိယကောင်းကင်တမန်က..** "ဗာဗုလုံမြို့ကြီး ပြိုပျက်ပြီ။ ပြိုပျက်ပြီ။ ထိုမြို့သည် လူမျိုးအပေါင်းတို့အား တရားနှင့် မညီ သောမေထုန်ဟူသည့်သူ၏စပျစ်ဝိုင်ကို တိုက်၏" ဟု ဟောကြားခဲ့သည်။ ၎င်းသည် လောကကြီးကို မှားယွင်းသည့် သွန်သင်ချက်များဖြင့် ရှုပ်ထွေးစေသော ဘာဗုလုန်ကို သတိပေးခြင်းဖြစ်သည်။

ထို့နောက် **တတိယကောင်းကင်တမန်သည်** ကမ္ဘာမြေ၏နောက်ဆုံးသော ကာလများတွင် ဘာသာရေးအယူလွဲမှုကြီး နှင့် ရောယှက်နေသူများသည် ကယ်တင်ခြင်းမရနိုင်ကြောင်းကို ရှင်းလင်းပြတ်သားစွာ သတိပေးခဲ့သည်။

ကောင်းကင်တမန်သုံးပါး၏ သတင်းစကားများကို အကျဉ်းချုပ်ရလျှင် ယေရှုရှင်ပြန်လာသောအခါ ကိုယ်တော်နှင့် တွေ့ဆုံရန် အသင့်ရှိနေသူများအကြောင်းကို ဖော်ပြထားခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်တို့ကို လိုက်နာ၍ ယေရှုကိုစွဲမြဲစွာ ယုံကြည်သည့် သန့်ရှင်းသူတို့သည် သည်းခံရန်လို၏။ **(ဗျာဒိတ် ၁၄း၁၂).**

ဤကျမ်းပိုဒ်တွင် အသင်းတော်တည်ရှိရခြင်း၏အကြောင်းရင်းကို မှတ်တမ်းတင်ထားပါသည်။ ထိုအကြောင်းရင်းမှာ ကောင်းကင်ဘုံအောက်ရှိ သတ္တဝါတိုင်းအား ဧဝံဂေလိတရားကို ဟောပြောရန်ဖြစ်သည်။ အသင်းတော်သည် ၎င်း၏တာဝန်ကို မေ့လျော့သွားသောအခါ တိုးတက်မှုရပ်တန့်လာပြီး ယိုယွင်းပျက်စီးလာကာ ၎င်း၏တာဝန်ကို မပြီးမြောက်နိုင်တော့ပေ။ ထိုတာဝန်မှာ "ဘုရားသခင်၏ပြည့်စုံကြွယ်ဝမှုနှင့်လုံလောက်မှုကို သက်သေခံရန်"၊ "ဘုရားသခင်၏ ဘုန်းတန်ခိုးအာနုဘော်ကို ထင်ရှားစေရန်" နှင့် "ကောင်းကင်ဘုံရှိသော အစိုးရများ၊ အာဏာပိုင်များပင်လျှင် ဘုရားသခင်၏မေတ္တာတော်ကို နောက်ဆုံးအကြိမ်အဖြစ် အပြည့်အဝ ဖော်ပြရန်" ဖြစ်သည်။ (The Acts of the Apostles, p. 9)

**စီးဆင်းသည်** (သို့) **ထွက်ခွာသည်**

ပရောဖက်ယေဇကျေလသည် အသင်းတော်၏အမှုတော်ကို ဘုရားသခင်၏ဗိမာန်တော်မှ စီးထွက်လာသည့် မြစ်ကြီး တစ်စင်းအဖြစ် ပုံဖော်ခဲ့သည်။ အစတွင် သေးငယ်သော ချောင်းငယ်ဖြစ်သော်လည်း နောက်ဆုံးတွင် "ရေထ သောကြောင့် နင်း၍မကူးနိုင်၊ ခြေထောက်၍ မမီဘဲ ကူးရသောမြစ်.." **(ယေဇကျေလ ၄၇း၅)**" ဖြစ်လာခဲ့သည်။ ထိုမြစ် သည် တောကန္တာရကိုဖြတ်၍ စီးဆင်းသောအခါ "မြစ်ကမ်းဘေးတစ်ဖက်တစ်ချက်တွင် သီးပင်စားပင်အမျိုးမျိုး ပေါက် ရောက်လိမ့်မည်။ သန့်ရှင်းရာဌာနမှစီးလာသောမြစ်ရေကို ရရှိသောကြောင့် အပင်တို့သည် အရွက်မညှိုးနွမ်း၊ အသီးလည်း မပြတ်။ လစဉ်အသီးသီးလိမ့်မည်။ အသီးသည်စားဖို့ အရွက်သည် အနာရောဂါပျောက်ကင်းဖို့ ဖြစ်လိမ့်မည်"ဟု ဆို၏။ **(ယေဇကျေလ ၄၇း၁၂)** ဟူ၍ အသုံးပြုနိုင်သည်။

ကမ္ဘာသို့ဧဝံဂေလိတရားကို ယူဆောင်သွားသော အသင်းတော်ကို ကိုယ်စားပြုသည့် ဤမြစ်ကြီးသည် **ပင်လယ် သေ**ထဲသို့ စီးဝင်သွားပြီး ၎င်း၏ရေများက "ဤမြစ်ရေသည် အရှေ့ဘက်အရပ်သို့ ဦးတည်ပြီး အရာဗလွင်ပြင်ကိုဖြတ်ကာ ပင်လယ်ထဲသို့ စီးဝင်သွား၏။ ပင်လယ်ထဲသို့ ရောက်သွားသောအခါ ပင်လယ်ရေသည် ရေချိုဖြစ်သွား၏။ **(ယေဇကျေလ ၄၇း၈)** ထိုမြစ်ရေ စီးဆင်းသွားရာအရပ်ရပ်တို့၌ အုပ်စုလိုက်နေထိုင်သောသက်ရှိသတ္တဝါအပေါင်းတို့ ရှင်သန်နေထိုင်ကြ လိမ့်မည်။ မရေမတွက်နိုင်သောငါးများရှိကြလိမ့်မည်။ ထိုမြစ်ရေစီးဆင်းရာအရပ်ရပ်သည် ရေချိုဖြစ်သွားလိမ့်မည်။ ထို မြစ်ရေစီးဆင်းလေရာ၌ အရာအားလုံးသည် ရှင်သန်ကြရလိမ့်မည်။ **(ယေဇကျေလ ၄၇း၉) MSBU**

မြစ်ရေစီးဆင်းသည့်နေရာတိုင်းတွင် အသက်နှင့် ကုသခြင်းကို ယူဆောင်ခဲ့သည်။ အသင်းတော်၏ ဩဇာလွှမ်းမိုးမှု သည်လည်း ထို့နည်းတူ ဖြစ်ရပေမည်။ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူပြီး၊ ရှင်ပြန်ထမြောက်ကာ မကြာမီပြန်ကြွ လာမည့် ကယ်တင်ရှင်၏သတင်းစကားကို ပိုင်ဆိုင်ထားသည့်အသင်းတော်သည် ရှုပ်ထွေးပြီးနာကျင်နေသော လောက အတွက်အသက်ရှင်ခြင်း၏အနံ့အရသာ ဖြစ်လာပါလိမ့်မည်။ အသင်းတော်သည် ယေရှုကိုချီးမြှောက်ရန်နှင့် ကိုယ်တော် မကြာမီပြန်ကြွလာမည့်အကြောင်း ဟောပြောရန်အတွက် ရည်မှန်းချက်ထားပါက ဘုရားသခင်၏ဘုန်းတော်အတွက် ရှေ့သို့ဆက်လက်ချီတက် သွားမည်မှာ သေချာပါသည်။

**ရူပဗေဒသဘောတရားအရ Inertia (အတားအဆီး) ဆိုတာဘာလဲ**

အထက်တန်းကျောင်းသားတွေ သင်ယူရတဲ့ ရူပဗေဒဘာသာရပ်မှာ Inertia (အတားအဆီး၊ သို့မဟုတ် တောင့်ခံ နိုင်စွမ်း) ဆိုတာက အရာဝတ္ထုတစ်ခုရဲ့ ရွေ့လျားမှုအနေအထားကိုပြောင်းလဲဖို့ ခက်ခဲတဲ့သဘောတရားကို ဆိုလိုပါတယ်။ အရာဝတ္ထုတစ်ခုက ရပ်နေတယ်ဆိုရင် ပြင်ပက အားတစ်ခုခုလာပြီး တွန်းတာ၊ ဆွဲတာမျိုး မရှိဘဲနဲ့ ဆက်ပြီး ရပ်မြဲရပ်နေ တတ်ပါတယ်။ အရာဝတ္ထုတစ်ခုက ရွေ့လျားနေတယ်ဆိုရင်လည်း ပြင်ပက အားတစ်ခုခုလာပြီး နှေးအောင်လုပ်တာ၊ ရပ် အောင်လုပ်တာ၊ လမ်းကြောင်းပြောင်းအောင်လုပ်တာမျိုး မရှိဘဲနဲ့ သူ့ရဲ့အမြန်နှုန်းနဲ့၊ လမ်းကြောင်းအတိုင်း ဆက်လက် ရွေ့လျားနေတတ်ပါတယ်။

**ဒီသဘောတရားဟာ နယူတန်ရဲ့ ပထမဆုံးရွေ့လျားမှုနိယာမ (Newton's First Law of Motion) ကို ဖော်ပြတာဖြစ် ပါတယ်။**

## အဲဒီသဘောတရားကို အသင်းတော်အဖွဲ့အစည်းနဲ့ နှိုင်းယှဉ်ခြင်း

ဒီ Inertia (တောင့်ခံနိုင်စွမ်း) သဘောတရားကို အသင်းတော်တွေနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါမှာ အဓိပ္ပာယ်တူတဲ့ အယူအဆတစ်ခုကိုတွေ့ရပါတယ်။ အသင်းတော်တွေမှာလည်း "Inertia" (အတားအဆီး၊ သို့မဟုတ် တောင့်ခံနိုင်စွမ်း) ဆိုတာ ရှိပါတယ်။ ဘယ်လိုသဘောလဲဆိုတော့… အသင်းတော်တစ်ခုဟာ အချိန်ကြာလာတာနဲ့အမျှ လုပ်ရိုးလုပ်စဉ်တွေ၊ အစဉ်အလာတွေနဲ့ ရပ်တန့်နေတဲ့ အခြေအနေမျိုး ရောက်နေတယ်ဆိုရင် ပြင်ပကနေ အသစ်အဆန်းတွေ၊ ပြောင်းလဲမှု တွေ ဝင်လာဖို့ခက်ခဲပါတယ်။ အသင်းတော်မှာ လူအများစုဟာ အခြေအနေဟောင်းကိုပဲ ဆက်လက်တည်မြဲနေချင်တဲ့ သဘောရှိကြပါတယ်။ ဒါ့ကြောင့် ပြင်ပကနေလာတဲ့ အပြောင်းအလဲနဲ့ ဆန်းသစ်တီထွင်ဖို့ စိန်ခေါ်မှုတွေကို တောင့်ခံနေ တတ်ကြပါတယ်။

ရူပဗေဒမှာ အရာဝတ္ထုတစ်ခုက ရွေ့လျားမှု၊ ရပ်တန့်မှုအနေအထားကို ပြောင်းလဲဖို့ ခက်ခဲသလိုပဲ၊ အသင်းတော် အဖွဲ့ အစည်းတွေမှာလည်း **"မပြောင်းလဲချင်တဲ့ စိတ်"** သို့မဟုတ် **"ပြောင်းလဲမှုကို တောင့်ခံလိုတဲ့ စိတ်သဘော"** ဟာ အင်အားကြီးမားတဲ့ သက်ရောက်မှုတစ်ခု ဖြစ်လာနိုင်ပါတယ်။

## တည်ငြိမ်မနေသင့်သည့် အသင်းတော်၏သဘာဝ

အသင်းတော်ဟာ အစောပိုင်းကပြောခဲ့တဲ့ "Inertia" (အတားအဆီး) လို တောင့်ခံပြီးရပ်တန့်နေဖို့၊ တည်ငြိမ်ပြီး မလှုပ်မရှားနေဖို့ ကောင်းကင်ဘုံကနေ ခေါ်တော်မူခြင်းခံရတာမဟုတ်ဘူး။ အမှန်တကယ်တော့ အသင်းတော်ဟာ အဲဒီလို မဖြစ်ရဘူး။ ယေရှုခရစ်တော်က အသင်းတော်ကို ခေါ်ယူခဲ့တာက ရေစီးသလို စီးဆင်းနေဖို့နဲ့၊ သွားလာလှုပ်ရှားနေဖို့ ဖြစ်ပါ တယ်။ အထူးသဖြင့် **"မဟာစေခိုင်းချက်"** **(Great Commission)** မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။ မဟာစေ ခိုင်းချက်ထဲမှာ ယေရှုက တပည့်တော်တွေကို **"သင်တို့သွားကြလော့" (Go)** လို့ ပြောခဲ့ပါတယ်။ **"ထိုင်နေကြလော့" (Stay)** လို့ မပြောခဲ့ပါဘူး။ ဒီအမိန့်တော်ဟာ အသင်းတော်ရဲ့ရည်ရွယ်ချက်ကို ပေါ်လွင်စေပါတယ်။

**စီးဆင်းခြင်း (Flow):** ဆိုတာက ဘုရားသခင်ရဲ့မေတ္တာ၊ ကရုဏာနဲ့ ကျေးဇူးတော်ဟာ အသင်းတော်ထဲမှာတင် ရပ် တန့်နေတာမျိုးမဟုတ်ဘဲ အပြင်ဘက်ကို စီးဆင်းသွားဖို့ လိုတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။

**သွားခြင်း (Go):** ဆိုတာက ဘုရားကျောင်းဟာ တံခါးပိတ်ပြီးကိုယ့်လူအချင်းချင်းပဲ ဆက်ဆံနေရမယ့်နေရာမျိုး မဟုတ်ဘဲ၊ ခရစ်တော်ရဲ့သတင်းကောင်းကိုကမ္ဘာအနှံ့ ယူဆောင်သွားရမယ့် အဖွဲ့အစည်းဖြစ်တယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ ဒါကြောင့်အသင်း တော်ဟာ ရူပဗေဒမှာ ပြောတဲ့ "Inertia" (ရပ်တန့်နေတတ်တဲ့ သဘော) ကို ဆန့်ကျင်ပြီး၊ အမြဲတမ်း တက်ကြွစွာရွေ့လျားနေရမယ်၊ ပြောင်းလဲနေရမယ်၊ သတင်းကောင်းကိုလည်း လူတွေဆီ ယူဆောင်သွားရမယ်လို့ ဆိုလို တာဖြစ်ပါတယ်။

အသင်းတော်အတွက် သူ့ရဲ့အလိုတော်ကို ဘုရားသခင်က ရှင်းရှင်းလင်းလင်းပဲ ပြဋ္ဌာန်းထားပါတယ်။ အဲဒါက တော့ ဧဝံဂေလိတရားကို တစ်ကမ္ဘာလုံးသို့ ယူဆောင်သွားဖို့ပါပဲ။ လူ့အဖွဲ့အစည်းဟာ လက်လှမ်းမီဖို့ အရမ်းခက်ခဲနေပြီလို့ မကြာခဏ ဆိုသလို ယူဆကြပေမယ့်၊ အယ်လင်ဝှိုက် (Ellen White) က တစ်ချိန်က ဒီလိုပြောခဲ့ဖူးပါတယ် "ကမ္ဘာအနှံ့ရှိ ယောကျ်ားမိန်းမတို့သည် ကောင်းကင်ဘုံကို မျှော်လင့်တသစွာဖြင့် ကြည့်ရှုနေကြသည်။ အလင်း၊ ကျေးဇူးတော်၊ သန့်ရှင်း သောဝိညာဉ်တော်ကိုတောင့်တသော ဝိညာဉ်များထံမှ ဆုတောင်းခြင်း၊ မျက်ရည်များနှင့် စုံစမ်းမေးမြန်းခြင်းများ ထွက် လာသည်။ များစွာသောသူတို့သည် နိုင်ငံတော်အစွန်းတွင် ရောက်ရှိနေပြီး စုသိမ်းခြင်းခံရရန်သာ စောင့်မျှော်နေကြ သည်။"

(The Acts of the Apostles, p. 9) **"တစ်ကမ္ဘာလုံး"** မှာရှိတဲ့ လူတွေဟာ **"ဘုရားသခင်၏ နိုင်ငံတော်သို့ စုသိမ်းခြင်းခံရဖို့ကိုသာ စောင့်မျှော်နေကြတယ်"** လို့ သူမ က ဆိုလိုတာ ဖြစ်ပါတယ်။

**အသင်းတော်သည် မြစ်ကဲ့သို့စီးဆင်းရမည်...** အသင်းတော်ကို မြစ်ရေစီးသလို သူ့ရဲ့နယ်နိမိတ်တွေရဲ့ အပြင်ဘက်ကို စီးဆင်းခွင့် ပြုလိုက်ပါ။ ပတ်ဝန်းကျင်က လူ့အဖွဲ့အစည်းတွေဆီကို အသက်တာနဲ့ ကျန်းမာခြင်းကိုယူဆောင်သွားပြီး၊ လူတွေကို ယေရှုခရစ်တော်ဆီသို့ ညွှန်ပြပေးပါ။ ယေရှုဟာ "ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်ပါတယ်။ (ယော ၁၄း၆)

**ဘုရားသခင်၏ ခေါ်တော်မူခြင်း...**ကျွန်ုပ်တို့ကို ဘုရားသခင်က **"တစ်ဖန်ပရောဖက်ပြုဖို့"** ခေါ်တော်မူထားပါ တယ်။ အဲဒါကတော့ ကောင်းကင်တမန်သုံးပါးရဲ့သတင်းစကားကို တစ်ကမ္ဘာလုံးဆီ ယူဆောင်သွားဖို့ပါပဲ။ ဒီတာဝန်ကို ကျွန်ုပ်တို့ ဘယ်တော့မှ မမေ့သင့်ပါဘူး။

**10 Tuesday**

**အကြာကြီး**

**JOHN BRADSHAW**

**စောင့်ဆိုင်းရခြင်းဟာ ခက်ခဲနိုင်ပါတယ်။**

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလက ဟိမဝန္တာတောင်တန်းမြောက်ပိုင်းမှာ ဆောက်လုပ်ဆဲ ဥမင်လိုဏ်ခေါင်းတစ်ခုရဲ့အစိတ်အပိုင်းတစ်ခု ပြိုကျခဲ့ပြီးနောက် အလုပ်သမား ၄၁ ဦးဟာ ကြီးမားတဲ့ အပျက်အစီးပုံကြီးနောက်မှာပိတ်မိနေခဲ့ပါတယ်။ သုံးမိုင်နီးပါးရှည်လျားတဲ့ ဒီဥမင်လိုဏ်ခေါင်းဟာ ဟိန္ဒူဘာသာဝင်များ ဘုရားဖူးသည့် နေရာများသို့ လွယ်ကူစွာသွားလာနိုင်စေဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းတွေရရှိနိုင်ဖို့ရည်ရွယ်ပါတယ်။ ဒီနေရာကို ဘူမိဗေဒပညာရှင်တစ်ဦးက**"အားနည်းတဲ့ကျောက်ထု"** လို့ဖော်ပြခဲ့ပြီး မြေပြိုကျမှုတွေ ဖြစ်နိုင်ခြေရှိတယ်ဆိုတာကို သိရှိထားတဲ့နေရာမှာ တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ကိုင်နေခဲ့တာဖြစ်ပါတယ်။ အလုပ်သမားတွေကို ကယ်ဆယ်ဖို့ ခေတ်မီစက်ယန္တရားတွေနဲ့ အကြိမ်ကြိမ်ကြိုးပမ်းခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ နောက်ဆုံးမှာတော့ ကျောက်မီးသွေးတွင်းတူးတဲ့အလုပ်သမား ၂၄ ဦးပါတဲ့အဖွဲ့တစ်ဖွဲ့က လက်နဲ့တူးပြီး အပျက်အစီး ပုံကြီးကို ဖောက်ထွင်းဝင်ရောက်ကာ ပိတ်မိနေတဲ့ အလုပ်သမားတွေဆီ ကိုရောက်ရှိခဲ့ပါတယ်။ ကြီးမားတဲ့ အပျက်အစီးပုံကြီး နောက်မှာ ၁၇ ရက်ကြာ ပိတ်မိခြင်းခံခဲ့ရတဲ့ သူတစ်ဦးက "ကျွန်တော်တို့အကြာကြီးပိတ်မိတော့မယ်ဆိုတာ သိလာရတော့ စိတ်မချမ်းမသာဖြစ်ရပါတယ်"။ "ကယ်ဆယ်သူများရောက်လာဖို့ကို စောင့်ဆိုင်းရခြင်းဟာ ဘယ်လောက်ပဲ ခက်ခဲကြမ်းတမ်းခဲ့ပါစေ၊ လူတစ်ယောက်ကတော့ **" ဘယ်တော့မှ သူမျှော်လင့်ချက် မပျက်ခဲ့ဘူး"** လို့ ပြောခဲ့ပါတယ်။"

**ခေတ်ကာလရဲ့နိမိတ်လက္ခဏာတွေဟာ ကျွန်တော်တို့ ဘယ်လောက်ခရီးပေါက်ခဲ့ပြီလဲဆိုတာကို ဖော်ပြပေးတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေ မဟုတ်ဘဲ၊ ကျွန်ုပ်တို့ ဘယ်ခရီးလမ်းပေါ်မှာရောက်နေသလဲဆိုတာကို အသိပေးတဲ့လမ်းညွှန်ဆိုင်းဘုတ်တွေနဲ့ပိုတူပါတယ်။**

## ကျွန်ုပ်တို့၏မင်္ဂလာရှိသောမျှော်လင့်ခြင်း

လွန်ခဲ့တဲ့ နှစ် ၆,၀၀၀ က ဧဒင်ဥယျာဉ်မှာ လူသားတွေရဲ့ ဖြောင့်မတ်တည်ကြည်မှု ပြိုလဲပျက်စီးခဲ့ပြီးနောက် ကမ္ဘာမြေကြီးဟာ ကယ်တင်ခံရဖို့ စောင့်ဆိုင်းနေပါတယ်။ "ဖန်ဆင်းခံလောကတစ်ခုလုံးသည် သားဖွားခြင်းဝေဒနာကဲ့သို့သောဝေဒနာဖြင့် ယခုတိုင်အောင် ညည်းတွားနေသည်ကို ကျွန်ုပ်တို့သိကြ၏။" (ရောမ ၈း၂၂) ကမ္ဘာတစ်ဝန်းလုံးမှာ လူသားတစ်ဦးတစ်ယောက်မှ မဖြေရှင်းနိုင်တဲ့စိန်ခေါ်မှုတွေနဲ့ လူတွေဟာရင်ဆိုင်နေရပါတယ်။ ပုဂ္ဂိုလ်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ ဆက်ဆံရေးနဲ့ လူမှုရေးဆိုင်ရာ ဖိအားတွေ ဆက်တိုက်ပြင်းထန်လာနေပေမဲ့၊ ဒီနေ့ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို လူသားတွေရဲ့ ဝင်ရောက်ဖြေရှင်းမှုနဲ့ ကုစားနိုင်တယ်လို့ ပြောစရာစကားတစ်ခွန်းမှမရှိပါဘူး။ သို့သော် ဘုရားသခင်၏သားသမီးများအနေနဲ့ ကျွန်တော်တို့ဟာ တောက်ပတဲ့အနာဂတ်ကို မျှော်လင့်နေပါတယ်။ အိန္ဒိယနိုင်ငံမှာ လူ ၄၁ ယောက်ကို ကယ်တင်နိုင်ခဲ့တဲ့ အံ့ဩဖွယ်ရာ ကယ်ဆယ်ခြင်းစစ်ဆင်ရေးကြီးလိုပဲ၊ တစ်နေ့နေ့မှာ ယေရှုခရစ်တော် ဒုတိယအကြိမ်ပြန်လည်ကြွလာခြင်းဟာ ကျွန်ုပ်တို့သိထားတဲ့ သာမန်ဘဝတွေကို ပြောင်းလဲစေပြီးထာဝရကာလကို ပို့ဆောင်ပေးပါလိမ့်မယ်။ ကိုယ်တော်သည် သူတို့၏မျက်လုံးမှမျက်ရည်ရှိသမျှကိုသုတ်တော်မူလိမ့်မည်။ သေခြင်း၊ ညည်းတွားခြင်း၊ ငိုကြွေးခြင်း၊ နာကျင်ခြင်းတို့သည် မရှိတော့ပေ။ ရှေးယခင်က ဖြစ်ခဲ့သောအရာတို့သည် ကွယ်ပျောက်ကြပြီ" ဟူ၍ ဖြစ်၏။" **(ဗျာဒိတ် ၂၁း၄)**

အသင်းတော်သည် ယေရှုခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းကို အချိန်ကြာမြင့်စွာ ဟောပြောကြွေးကြော်ခြင်း၊ ရေးသားဖော်ပြခြင်းနှင့် တောင့်တမျှော်လင့်ခြင်းတို့ ပြုလုပ်လာခဲ့သည့်အတွက်၊ ယေရှုမကြာမီပြန်ကြွလာတော့မည်ဟု ယုံကြည်ရန်မှာ ကျိုးကြောင်းဆီလျော်ပါရဲ့လားဟု အချို့က မေးခွန်းထုတ်နိုင်ပါသည်။ စာရေးသူများနှင့်ဟောပြောသူများက ကမ္ဘာလောကတွင် လွှမ်းမိုးနေသည့်ဆိုးသွမ်းမှုများကို ဒုတိယအကြိမ်ကြွလာခြင်း (Second Advent) နီးကပ်နေပြီဖြစ်ကြောင်း သက်သေအဖြစ်ထောက်ပြကြသော်လည်း၊ အချိန်ကြာမြင့်စွာကတည်းက ဒီကမ္ဘာကြီးဟာ ဆိုးယုတ်မှုတွေနဲ့ ပြည့်နေသည်ဆိုတာကို ကျွန်တော် တို့ သတိရရပါမယ်။ ပထမဆုံးမွေးဖွားလာသူသည် လူသတ်သမားဖြစ်လာသည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ကျော်က ဤကမ္ဘာမြေကို ထိခိုက်စေတဲ့ အကျင့်ပျက်ခြစားမှုကြီးကြီးမားမားကြောင့် ဘုရားသခင်သည် လူရှစ်ဦးကိုသာချန်ထားပြီး ကမ္ဘာကြီးကို ရေလွှမ်းမိုးခြင်းနဲ့ ဖျက်ဆီးခဲ့ပါတယ်။ **ဒါကြောင့် တချို့က "ယေရှုပြန်ကြွလာမည်ဟူသော ကတိတော်သည် အဘယ်မှာနည်း။ " (၂ ပေတရု ၃:၄)** လို့ မေးတာ အံ့ဩစရာမဟုတ် ပါဘူး။

**သို့သော်လည်း (တိတု ၂:၁၃) "မင်္ဂလာရက်မြတ်ကို စောင့်မျှော်" နေကြတဲ့ ယုံကြည်သူဟာ "ငါတို့သည် အမြင်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လျှောက်လှမ်းကြ၏။" (၂ ကော ၅:၇) ဆိုတဲ့ စကားကို စိတ်ထဲမှာ အမြဲမှတ်ထားပါ။**

## စောင့်မျှော်သည်

သခင်ယေရှုပြန်ကြွလာမည့်နေ့ သို့မဟုတ် အချိန်နာရီကို ကျွန်ုပ်တို့ မသိနိုင်သော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မှန်ကန်ကြောင်း ယုံကြည်ရန် အကြောင်းပြချက် အများကြီးရှိပါသည်။

## ကတိတော်ကို စောင့်မျှော်ခြင်း

ပညာရှင်အချို့က ကာလနကို မွေးဖွားချိန်မှာ ဝေဟာ မေရှိယကိုမွေးဖွားပြီလို့ ယုံကြည်ယူဆခဲ့ပါတယ်။ အယ်လင် ဝှိုက်က အာဒံနဲ့ဝေဟာ "သူတို့ရဲ့သားဦးကို ကယ်တင်ရှင်ဖြစ်လာမယ်လို့ မျှော်လင့်ရင်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြတယ်။ ဒါပေမဲ့ ကတိတော်ပြည့်စုံဖို့ နောက်ကျခဲ့တယ်" The Desire of Ages, p. 31. လို့ ရေးသားခဲ့ပါတယ်။ မေရှိယ ကြွလာခြင်းမတိုင်ခင် နှစ်ထောင်ပေါင်းများစွာ ကုန်လွန်ခဲ့ပါတယ်။

ဘုရားသခင်က အာဗြဟံကို ခါနာန်ပြည်ပေးမယ်လို့ ကတိပေးပြီးတဲ့နောက် အစ္စရေးလူမျိုးတွေ ကတိထားရာ ပြည်ထဲကို မဝင်ခင် နှစ်ပေါင်း ၅၀၀ လောက်အချိန်ကြာခဲ့ပါတယ်။ ကျေးကျွန်ဘဝတွင်နေရသော ဟေဗြဲလူမျိုးတစ်ဦး သည် အီဂျစ် ပြည်၏ပူပြင်းသော နေပူအောက်တွင် အလုပ်ကြမ်းလုပ်နေရင်း ဘုရားသခင်၏လူမျိုးသည် ကျွန်ဘဝ၌ ထာဝရဆက်ရှိနေရမည်ဟု ယုံကြည်ရန်သွေးဆောင်ခြင်းခံရပေမည်။ "ထိုနောက်မှအဲဂုတ္တုပြည်၌ ယောသပ်ကိုမသိသော ရှင်ဘုရင်သစ်ပေါ်လာ၏။" (ထွက်မြောက်ရာ ၁:၈)၊ ကတိတော်နိုင်ငံအကြောင်း တွေးတောမိတာဟာ စိတ်ကူးယဉ်ဆန်နေ သယောင်ဖြစ်နေနိုင်ပါတယ်။ ဒါပေမဲ့ အံ့သြစရာကောင်းတဲ့ဖြစ်ရပ်တွေ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာခဲ့ပါတယ်။ အီဂျစ် လူမျိုးတိုင်းရဲ့သားဦးတွေ သေဆုံးခဲ့ရပြီး၊ မီးတိုင်နဲ့မိုးတိမ်တိုင်တွေက ဘုရားသခင်ရဲ့လူတွေကိုလမ်းပြကာ ကာကွယ်ပေး ခဲ့သလို၊ ပင်လယ်နီကလည်း အံ့ဖွယ်နည်းနဲ့ ကွဲထွက်ခဲ့တဲ့အတွက် ဘုရားသခင်ရဲ့လူတွေဟာ ကျွန်ဘဝကနေလွတ် မြောက်နိုင်ခဲ့ပါတယ်။ အချိန်အကြာကြီးစောင့်ဆိုင်းခဲ့ပြီးနောက်မှာ ဘုရားသခင်ရဲ့လူတွေဟာ ရုတ်တရက် လွတ်လပ်လာ ခဲ့ကြပါတယ်။

ပရောဖက်ပြုချက်တွေ ပြည့်စုံလာတာကို ကြည့်ပြီး သခင်ယေရှုရဲ့ ပြန်ကြွလာခြင်းက ဘယ်လောက်နီးပြီလဲ ဆိုတာကို ခန့်မှန်းဖို့ကြိုးစားတာဟာ လူ့သဘာဝပါပဲ။ စစ်ပွဲတွေ၊ ရောဂါဘယတွေ၊ ငွေကြေးမတည်ငြိမ်မှုတွေနဲ့ နည်း ပညာတိုးတက်မှုတွေက ယေရှုရဲ့ဒုတိယအကြိမ်ကြွလာခြင်းဟာ နီးကပ်နေပြီလို့ ကျွန်တော်တို့ကို ညွှန်ပြနေပါတယ်။ ကိုယ်တော်ကြွလာမယ့် လက္ခဏာတွေကို ပြောပြပြီးတဲ့နောက်မှာ ယေရှုက နောင်လာမယ့်ခေတ်တွေက တပည့်တွေကို "ဤအရာများ စတင်ဖြစ်ပွားလာသောအခါ.." (လုကာ ၂၁:၂၈)၊ ကိုယ်တော်ရဲ့ပြန်လာခြင်းဟာ နီးရုံသာမက "လူသားသည် တံခါးဝအနီးသို့ ရောက်နေပြီဖြစ်ကြောင်းကို သိမှတ်ကြလော့။" (မဿဲ ၂၄:၃၃) ဆိုတာကို ကျွန်တော်တို့သိနိုင်တယ်လို့ ပြောခဲ့ပါတယ်။ သို့သော်... ဣသရေလနိုင်ငံရှိ မိဘများသည် မိမိတို့၏ဘဝသက်တမ်းအတွင်း ယေရှုခရစ်တော် ကြွလာ တော်မူမည်ကို မျက်ဝါးထင်ထင်မြင်ရမည်ဟု တစ်ချိန်က ယုံကြည်ခဲ့ကြသော်လည်း မိုးကောင်းကင်သည် စာလိပ်ကို လိပ်သကဲ့သို့ ပျောက်ကွယ်သွားသည်ကို မမြင်ရဘဲ ကွယ်လွန်သွားကြရဆဲပင်ဖြစ်သည်။ (ဗျာဒိတ် ၆:၁၄ ကိုလည်း ကြည့်ပါ)။

## ကျွန်ုပ်တို့သည် အဘယ်နေရာတွင် ရှိနေသနည်း။

ယေရှုဖော်ပြခဲ့တဲ့ ခေတ်ကာလရဲ့ လက္ခဏာတွေဟာ ကျွန်တော်တို့ ဘယ်လောက်ခရီးပေါက်ခဲ့ပြီလဲဆိုတာ ပြောပြတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေလို မဟုတ်ဘဲ၊ ကျွန်တော်တို့ ဘယ်လမ်းပေါ် ရောက်နေပြီလဲဆိုတာကိုအသိပေးတဲ့ လမ်းညွှန်ဆိုင်းဘုတ် တွေနဲ့ ပိုတူပါတယ်။ ယူနိုက်တက်ကင်းဒမ်းမှာ လန်ဒန်ကနေ လိဒ်မြို့ကို ကားမောင်းတဲ့သူတစ် ယောက်ဟာ လန်ဒန်ကနေစထွက်ကတည်းက သူတို့သွားရမယ့်ခရီးက မိုင် ၂၀၀ (၃၂၀ ကီလိုမီတာ) လောက်ရှိတယ်ဆို တာ သိပါလိမ့်မယ်။ ဒါပေမဲ့ ခရီးဘယ်လောက် ဝေးဝေးရောက်နေပြီလဲဆိုတာကို မသိရင်တောင်မှ သူတို့ဟာ M1

လမ်းမပေါ်မှာ ရှိနေပါတယ်ဆိုတဲ့ ဆိုင်းဘုတ်တစ်ခု က မှန်ကန်တဲ့လမ်းကြောင်းပေါ် ရောက်နေပြီဆိုတာကို သိရှိစေပါတယ်။

Testimonies for the Church အတွဲ ၉ မှာ အယ်လင်ဝိုက်က "ကမ္ဘာလောကမှာ ကြီးမားတဲ့ပြောင်းလဲမှုတွေ မကြာခင်ဖြစ်လာတော့မှာဖြစ်ပြီး နောက်ဆုံးအဆင့် လှုပ်ရှားမှုတွေဟာ အလျင်အမြန်ဖြစ်ပေါ်လိမ့်မယ်" လို့ ရေးသားခဲ့ပါတယ်။ ယေရှုရဲ့ပြန်ကြွလာခြင်းကို ဖြစ်ပေါ်စေမယ့် အဖြစ်အပျက်တွေဟာ လူအနည်းငယ်သာ မျှော်လင့်ထားတဲ့ အချိန်မှာ လျင်မြန်စွာ ပြည့်စုံလာပါလိမ့်မယ်။ ကိုယ်တော်ပြန်ကြွလာပြီး သူရှိသောနေရာသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်သွားမယ်လို့ ယုံကြည်ခြင်းနဲ့ စိတ်ရှည်သည်းခံပြီး စောင့်နေဖို့က ကျွန်ုပ်တို့ရဲ့တာဝန်ပါပဲ။ သူရှိရာအရပ်၌ရှိစေခြင်းငှာ ကျွန်ုပ်တို့ကို ခေါ်ဆောင်မည်။ (ယော ၁၄း၃)

ထို့ကြောင့် သခင်ဘုရားအပေါ် သင်တို့၏စိတ်ချယုံကြည်မှုကို မစွန့်ပစ်ကြနှင့်။ ၎င်းသည် သင်တို့အား ကြီးမားသောဆုလာဘ်ကို ခံစားစေလိမ့်မည်။ **ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်နိုင်ရန်နှင့် ကတိထားသောအရာကို ရရှိနိုင်ရန်** သင်တို့သည်သည်းခံစိတ်မွေးရမည်။ အဘယ်ကြောင့်ဆိုသော် "ကြွလာတော်မူမည့်အရှင်သည် မနှောင့်နှေးဘဲ အချိန်အနည်းငယ်အတွင်း ကြွလာလိမ့်မည်။ ငါ၏ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ သို့သော် ငါသည် နောက်ပြန်လှည့်တတ်သူများကို နှစ်သက်မည်မဟုတ်" ဟု ဖော်ပြထားသောကြောင့်ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့သည် နောက်ပြန်လှည့်၍ ပျက်စီးနေသူများမဟုတ်ဘဲ ယုံကြည်၍ကယ်တင်ခံရသောသူများဖြစ်ကြ၏။" **(ဟေဗြဲ ၁၀း၃၅-၃၉)**

အခြေအနေတွေ ဘယ်လိုပဲဖြစ်ပါစေ၊ ကျွန်တော်တို့ ဘယ်လောက်ကြာကြာ စောင့်ဆိုင်းခဲ့ရပါစေ၊ ယေရှုမကြာခင် ပြန်လာတော့မယ်ဆိုတာကို ကျွန်ုပ်တို့ သိနိုင်ပါတယ်။ ကိုယ်တော်က ကတိပေးထားပါတယ်။ အဲဒီနေ့မှာ အိန္ဒိယက ပိတ်မိနေတဲ့အလုပ်သမားတွေလိုပဲ၊ ကျွန်ုပ်တို့ဟာလည်း အပြစ်နဲ့ချည်နှောင်ထားတဲ့ လောကကြီးကနေ ကယ်တင်ခြင်း၊ လွတ်မြောက်ခြင်းကိုခံရပြီး ထာဝရအသက်ရဲ့ကောင်းချီးမင်္ဂလာတွေကို ခံစားရပါလိမ့်မယ်။ ဘုရားသခင်ရဲ့ လူမှန်လျှင် "မျှော်လင့်ချက် ဘယ်တော့မှ မဆုံးရှုံးခဲ့ဘူး" လို့ ပြောနိုင်ပါစေ။

## 12 Wednesday

**စီးပွားရှာကြလော့။** (သခင်ပြန်မလာမချင်း 'ဘုရားသခင်၏နိုင်ငံတော်အတွက် လုပ်ကိုင်နေခြင်း)

**JOHN BRADSHAW**

" ဝီလျံက ယေရှုရဲ့ဒုတိယအကြိမ်ကြွလာခြင်းအတွက် သူအချိန်မီဇတ္တိဖံခံယူနိုင်ခဲ့တယ်လို့ ယုံကြည်ခဲ့ပါတယ်။ ကျမ်းစာကို လေ့လာပြီး ပရောဖက်ပြုချက်တွေနဲ့ ရင်းနှီးလာတဲ့အခါမှာတော့ ကမ္ဘာမြေကြီး၏နောက်ဆုံးနေ့ရက်များ နီးကပ်လာပြီလို့ သူယုံကြည်ခဲ့ပါတယ်။ ဘုရားသခင်က သူ့ဆီကို အချိန်မီရောက်ရှိလာလို့ သူစိတ်သက်သာရာရခဲ့ပါ တယ်။ နည်းနည်းနောက်ကျသွားခဲ့ရင် ယေရှုဒုတိယအကြိမ် ပြန်လာချိန်မှာတွေ့ဖို့ သူဘယ်တော့မှ ပြင်ဆင်နိုင်မှာ မဟုတ်ဘူးလို့ ဝီလျံ မေလာ ယုံကြည်ခဲ့ပါတယ်။"

ဝီလျံနှစ်ခြင်းခံခဲ့ချိန်မှာ လီယိုနိဒ်ဘရက်ဇ်ညက်ဗ်က ဆိုဗီယက်ယူနီယံရဲ့ခေါင်းဆောင်ဖြစ်ပြီး အီယန်စမစ်က ရိုဒေးရှား (ယခု ဇင်ဘာဘွေ) ရဲ့ ဝန်ကြီးချုပ်ဖြစ်ပါတယ်။ အဲဒီနှစ်မှာပဲ ဗီယက်နမ်စစ်ပွဲ ပြီးဆုံးခဲ့ပြီး ဘာလင်တံတိုင်း ကတော့ နောက်ထပ် ၁၄ နှစ်ကြာမှ ပြိုလဲခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်မှာ ဝီလျံက ဒုတိယအကြိမ်ကြွလာမယ့် ယေရှုရဲ့ နောက်တော်ကို အချိန်မီလိုက်နိုင်တဲ့ နောက်ဆုံးရောက်လာသူတစ်ဦးဖြစ်ကြောင်း ယုံကြည်ခဲ့ပါတယ်။

အမှန်တရားကတော့ ယေရှုရှင်ပြန်လည်ကြွလာမယ့်အချိန်နဲ့ပတ်သက်ပြီး "မကြာမီ" ပြန်လာတော့မယ်ဆို တဲ့အချက်ကလွဲလို့ ကျွန်ုပ်တို့မသိကြပါဘူး။ ကျွန်ုပ်တို့ရဲ့ယုံကြည်မှုအတွက် ခိုင်လုံတဲ့အကြောင်းရင်းများစွာရှိပြီး အထူးသဖြင့် မဿဲ ၂၄ နဲ့ လုကာ ၂၁ မှာ ဖော်ပြထားတဲ့ ယေရှုရှင်ပြန်လည်ကြွလာခြင်းရဲ့နိမိတ်လက္ခဏာတွေကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ "မကြာမီ" (သို့) "သိပ်မကြာမီ" ဆိုတာကလွဲလို့ ယေရှုဘယ်အချိန်ပြန်လာမလဲဆိုတာကို ကျွန်ုပ် တို့မသိကြပါဘူး။ ယေရှုကိုယ်တိုင်လည်း "ထိုနေ့ရက်နှင့်အချိန်နာရီကို မည်သူမျှမသိ" (မဿဲ ၂၄:၃၆) လို့ ပြောခဲ့ပါတယ်။

ယေရှုရှင် မကြာမီပြန်လည်ကြွလာမယ့်အပေါ် ကျွန်ုပ်တို့ သံသယမဝင်သင့်ပါဘူး။ 'ငါ၏သခင်သည် အိမ်ပြန် နောက်ကျလိမ့်မည်' "ငါ့သခင်ကြန့်ကြာလိမ့်မည်" လို့ ပြောတဲ့သူကတော့ ဆိုးညစ်တဲ့ကျွန်ဖြစ်ပါတယ် (မဿဲ ၂၄:၄၈)။ ပေါလုဟာ သက်သာလောနိတ်အသင်းသားတွေကို " ထိုအချိန်အခါနှင့်ကာလများအကြောင်း" ရေးဖို့မလိုပေမဲ့၊ "ကယ် တင်ရှင် ယေရှုခရစ်တော် ဘုန်းအသရေနှင့်ကြွလာမည့် မင်္ဂလာရက်မြတ်ကို စောင့်မျှော်နေကြ၏။" ဆိုပြီးဘုရားသခင် ရဲ့လူတွေအကြောင်းကိုတော့ ရေးခဲ့ပါတယ် (တိတု ၂:၁၃)။

## စောင့်ဆိုင်းနေစဉ်

သခင်ယေရှုပြန်ကြွလာရာတွင် သိသာထင်ရှားသောနှောင့်နှေးမှုသည် သတင်းဆိုးအားလုံးမဟုတ်ပေ။ ယေရှုသည် လွန်ခဲ့သောမျိုးဆက်အနည်းငယ်ကပင် ပြန်လာခဲ့ပါက ယနေ့ အသက်ရှင်သော မည်သူမျှ ထာဝရအသက်ကို ရနိုင်မည် မဟုတ်ပေ။ လောလောဆယ်ယေရှုနှင့်အတူ မလျှောက်လှမ်းရသေးသော မိတ်ဆွေများနှင့် မိသားစုဝင်များစွာတို့သည် ဘုရားသခင်၏ စိတ်နှလုံးသို့ နောက်ဆုံးတွင် နောင်တရပြီး သူတို့၏လမ်းကို ရှာတွေ့ကြလိမ့်မည်။

ယေရှု၏ပုံဥပမာများထဲမှ အရေးကြီးဆုံးအချက်မှာ ကိုယ်တော်ပြန်ကြွလာမည့်အချိန်မဟုတ်ကြောင်း ဖော်ပြနေပါ သည်။ "ဘုရားသခင်၏နိုင်ငံတော်ချက်ချင်းပေါ်ထွန်းလာတော့မည်ဟု ထင်မှတ်သော" လူတို့ကို သခင်ယေရှုက "အမတ် တစ်ယောက်သည် မင်းကြီးအရာကို ခံလို၍ မိမိပြည်သို့ ပြန်လာမည်ဟု အကြံရှိလျက် ဝေးသောပြည်သို့ သွား၏။" လို့ ပြောခဲ့ပါတယ်။ "မသွားမီ မိမိငယ်သားတစ်ကျိပ်ကိုခေါ်၍၊ ငွေတစ်ပိဿာ စီအပ်ပေးလျက် **ငါပြန်၍ မလာမီတိုင်အောင် ကုန်သွယ်ခြင်းအမှုကို ပြုကြလော့**ဟု မှာထားလေ၏။" (လုကာ ၁၉:၁၁-၁၃)။'Do business till I come.' Occupy till I come. "Put this money to work," `ငါပြန်လာသည်အထိကုန်သွယ်လျက်နေကြလော့''ငါပြန်လာသည်အထိ စီးပွားရှာ လျက်နေကြလော့' 'ငါပြန်လာသည်အထိ စီးပွားရှာကြလော့'

အသုံးပြုထားသော ဂရိစကားလုံးမှာ ထိုသူသည် မိမိ၏ကျေးကျွန်များအား ပေးထားသည့်ငွေများဖြင့် ရောင်းဝယ် ဖောက်ကားရန် သို့မဟုတ် စီးပွားရေးလုပ်ရန် တိုက်တွန်းနေခြင်းကို ဖော်ပြသည်။ သူထွက်သွားပြီး ပြန်လာမည်ဟု ပုံဥပ မာက ဖော်ပြနေသော်လည်း သူပြန်လာမည့်အချိန်နှင့်ပတ်သက်၍ ဘာမျှမဖော်ပြထားပါ။ သူပြန်လာမည်ဟု အာမခံ ချက်ပေးရုံသာဖြစ်ပြီး ကျွန်များကို ထိုအချိန်မတိုင်မီအထိ စီးပွားရှာကြရမည်ဟု ညွှန်ကြားထားပါသည်။ **"သခင်ပြန်လာ တဲ့အထိ သူတို့က သခင့်အလုပ်တွေကိုပဲ ဆက်လုပ်နေရမယ်။"**"ဘုရားသခင်၏နိုင်ငံတော်သည် ချက်ချင်းပေါ်ထွန်း လာလိမ့်မည်" ဟု ယုံကြည်သူများအတွက် သတင်းစကားမှာ ရှင်းလင်းပြတ်သား၏။"

"ယေရှုဟာ အခုကစလို့ နောက်ငါးနှစ်မှာ ပြန်ကြွလာမယ်ဆိုရင်တောင်၊ ဘုရားသခင်ရဲ့လူတွေဟာ အဲဒီငါးနှစ်ပတ်လုံး ဘုရားအလုပ်ကို ဆက်လက်လုပ်ဆောင်နေရမှာဖြစ်တယ်။" နောက်ထပ် ၁၀၊ ၂၀၊ ဒါမှမဟုတ် နှစ် ၃၀ အကြာမှာမှ ပြန်ကြွလာ မယ် ဆိုရင် "ယေရှုကို ယုံကြည်သူတွေဟာ အဲဒီကာလပတ်လုံး သူတို့အဖေ (ဘုရားသခင်) ရဲ့အလုပ်တွေ ကို လုပ်ဆောင်နေရမှာဖြစ်တယ်။" "စောင့်ရမယ့်အချိန် ဘယ်လောက်ပဲကြာကြာ၊ တိုတို၊ အဲဒီအချိန်တွေကို သတင်းကောင်းတွေ မျှဝေခြင်း၊ ကောင်းကင်တမန်သုံးပါးရဲ့သတင်းစကားကို ဟောပြောခြင်းစတဲ့ ဘုရားသခင်အတွက် အမှုတော်ထမ်းဆောင်ခြင်းနဲ့ပဲ အသုံးချရမှာဖြစ်ပါတယ်။"

## ခရစ်တော်ပြန်ကြွလာမယ့်အချိန်က အရေးအကြီးဆုံးအရာမဟုတ်ပါဘူး။

## LET US ARISE ငါတို့ထလိုက်ကြစို့။

နေဟမိကျမ်းမှာ ဘုရားသခင်ရဲ့လူတွေဟာ ဗာဗုလုန်ပြည်ကနေ ယေရုရှလင်မြို့ကို ပြန်လာခဲ့ကြတယ်။ သူတို့ဟာ မီဒို-ပါရှားအုပ်စိုးမှု အောက်မှာ ရှိနေသေးပေမဲ့ ပျက်စီးနေတဲ့ ယေရုရှလင်မြို့ကို ပြန်လည်တည်ဆောက်ပြီး လူ့အဖွဲ့အစည်းကို ပြန်လည်ဖွဲ့စည်းဖို့ ခွင့်ပြုချက်ရခဲ့ပါတယ်။

1 ထိုအခါ ယဇ်ပုရောဟိတ်မင်း ဧလျာရှိပ်သည်၊ မိမိညီအစ်ကို ယဇ်ပုရောဟိတ်တို့နှင့်တကွ ထ၍၊ သိုးတံခါးကို ပြင်လျက် တံခါးခုံ၊ တံခါးထုပ်၊ တံခါးရွက်တို့ကို ထူထောင်ဆွဲထား၍၊ မေအာပြအိုးမှ ဟာနနေလပြအိုး တိုင်အောင် ပြင်ကြ၏။ 2 သူတို့နောက်မှ၊ ယေရိခေါမြို့သားတို့သည် ပြင်ကြ၏။ သူတို့နောက်မှ၊ ဣမရိသား ဇက္ကုရပြင်၏။ 3 ငါးတံခါးကိုကား၊ ဟသေနာအမျိုးသားတို့သည် ပြင်လျက် တံခါးခုံ၊ တံခါးထုပ်၊ တံခါးရွက်တို့ကို ထူထောင်ဆွဲထား၍၊ သော့ခလောက်နှင့် ကန့်လန့်ကျင်တို့ကို တပ်ကြ၏။ 4 သူတို့နောက်မှ၊ ကောဇသားဖြစ်သော ဥရိယ၏သား မေရမုတ် ပြင်၏။ သူ့နောက်မှ၊ မေရှဇဗေလသားဖြစ်သော ဗေရခိ၏သား မေရှုလံ ပြင်၏။ သူ့နောက်မှ၊ ဗာနာသား ဇာဒုတ်ပြင်၏။ (နေဟမိ ၃း၁-၄).

နေဟမိကျမ်း အခန်းကြီး ၃ မှာ "သူတို့နောက်မှာ" (သို့မဟုတ်) "သူတို့အနားမှာ"ဆိုတဲ့စကားစုဟာ အနည်းဆုံး အကြိမ် ၃၀ ပေါ်လွင်နေပါတယ်။ ဘုရားသခင်ရဲ့လူတွေအတွက် အရေးကြီးတဲ့အချိန်မှာ သူတို့ဟာ ရှေ့ကိုတက်လှမ်းပြီး ဘုရားသခင်ပေးအပ်ထားတဲ့အလုပ်တွေကို လုပ်ဆောင်ဖို့တာဝန်ယူခဲ့ကြပါတယ်။ ဒီအလုပ်က အရမ်းအရေးကြီးတာကြောင့် တေကော မြို့က သူကောင်းမျိုးတို့ဟာ "သူတို့ရဲ့သခင်အလုပ်မှာ ပါဝင် လုပ်ဆောင်ခြင်းမရှိဘူး" လို့ ဖော်ပြထားပါတယ် (အခန်းငယ် ၅)။ လူတိုင်းကိုယ်စီ ကိုယ့်အပိုင်းကနေပါဝင်လုပ်ဆောင်ဖို့က အသက်သမျှအရေးပါတယ်။

ယေရှုက "နိုင်ငံတော်နှင့်ဆိုင်သော ဧဝံဂေလိတရားကို လူမျိုးအပေါင်းတို့အား သက်သေခံဖို့ရန် လောကတစ်ဝန်းလုံးမှာ ဟောပြောလိမ့်မယ်။ အဲဒီအခါမှာ အဆုံးရောက်လိမ့်မယ်" လို့ ကတိပြုခဲ့ပါတယ် (မဿဲ ၂၄း၁၄)။ ထာဝရဧဝံဂေလိတရားကို အချိန်ပြည့်၊ လခစား ဓမ္မဆရာတွေချည်းပဲ ကမ္ဘာကိုယူဆောင်သွားနိုင်မှာ မဟုတ်သလို၊ အီလက်ထရွန်းနစ်မီဒီယာတစ်ခုတည်းနဲ့လည်း ရောက်သွားမှာမဟုတ်ပါဘူး။ "ဘုရားသခင်က မိမိလူတွေကို ယေရှုအပေါ်ထားတဲ့ သူတို့ရဲ့ယုံကြည်ခြင်းကို တခြားသူတွေနဲ့ ဝေမျှရမယ့်အခွင့်ထူးကိုပေးထားပြီး၊ အသင်းတော်က ဒီတာဝန်ကို ထမ်းဆောင်တဲ့အခါ ဧဝံဂေလိတရားဟာ အကြီးအကျယ်တိုးတက်ပြန့်ပွားလာမှာဖြစ်တယ်။"

**"တွမ်(Tom)**ဟာ ငါးမျှားဝါသနာထုံတဲ့အပျော်တမ်းတံငါသည်တစ်ဦးပါ။ သူက လူစိမ်းတစ်ယောက်ကို ငါးဆွဲတင်ရာမှာ ကူညီပေးပြီးတဲ့နောက်မှာတော့ သူနဲ့ အဲဒီလူစိမ်းတံငါသည်တို့ သူငယ်ချင်းဖြစ်သွားခဲ့ကြပါတယ်။ သူငယ်ချင်းအသစ် **ဖီးလ်(Phil)** ဟာ ဘာသာရေးကိစ္စတွေကို ပထမမှာ စိတ်မဝင်စားခဲ့ပေမဲ့၊ တွမ်က သူ့ကို 'ယေရှုဟာတံငါသည်တွေနဲ့

အချိန်အများ ကြီးသုံးခဲ့တယ်ဆိုတာ မင်းသိလား' လို့ပြောလိုက်တယ်။ ကျမ်းစာအကြောင်း ဘာမှမသိတဲ့ဖီးလ်က စိတ်ဝင်စားသွားပြီး 'အဲဒီအကြောင်း ပိုသိချင်တယ်' လို့ပြောလိုက်တော့ တွမ်တောင် အံ့သြသွားတယ်။"

ဒါနဲ့ သူတို့ကျမ်းစာအတူတူလေ့လာကြပြီး ဖီးလ်ကလည်း ကျမ်းစာရဲ့ကြီးမြတ်တဲ့သွန်သင်ချက်တွေကို စိတ်အားထက်သန်စွာ နာခံခဲ့ပါတယ်။ သူဟာ ဘုရားကျောင်းစတက်လာပြီး ယေရှုကို သူ့ရဲ့ပုဂ္ဂိုလ်ရေးကယ်တင်ရှင်အဖြစ် လက်ခံခဲ့ပါတယ်။ သူ့ရဲ့ယုံကြည်ခြင်းမှာ တိုးတက်လာပြီး မကြာခင်မှာပဲ နှစ်ခြင်းခံခဲ့ပါတယ်။

ဒါပေမဲ့ ဖီးလ်ဟာ နှစ်ခြင်းခံပြီး မကြာခင်မှာပဲ ဖျားနာခဲ့ပါတယ်။ ဆရာဝန်တွေဟာ သူ့ရဲ့ရောဂါကို ကုသနိုင်ခြင်းမရှိတဲ့အတွက် သူရုတ်တရက်ကွယ်လွန်သွားခဲ့ပါတယ်။ သူ့ရဲ့ဈာပနမှာ ဘုရားကျောင်းဟာ ဝမ်းနည်းပူဆွေးသူတွေနဲ့ ပြည့်လျှံနေပြီး အဲဒီထဲမှာ တံငါသည်တွေနဲ့ ဖီးလ်လိုပဲ ဘုရားသခင်အပေါ် ယုံကြည်မှုမရှိတဲ့သူတွေလည်း အများကြီးပါဝင်ခဲ့ပါတယ်။ "ဖီးလ်ဆီ ရောက်ရှိဖို့ ဘုရားသခင်က ကျွန်တော့်ကို အသုံးပြုခဲ့တဲ့အတွက် ဒါဟာ ကောင်းချီးတစ်ခုပါပဲ" လို့ တွမ်က ပြောခဲ့ပါတယ်။ တွမ်ကိုယ်တိုင်ကပဲ ဖီးလ်ရဲ့ဈာပနကို ဦးဆောင်ခဲ့ပါတယ်။

ဈေးထဲမှာ မမျှော်လင့်ဘဲဆုံတွေ့တာ၊ အလုပ်ခွင် ဒါမှမဟုတ် ကျောင်းမှာ ကြုံတွေ့တာ၊ ဒါမှမဟုတ် ငါးဖမ်းနေရင်း သူစိမ်းတစ်ယောက်ကို ကူညီပေးဖို့ အခွင့်အရေးရတာကနေ ယေရှုကြောင့် ဘဝပြောင်းလဲသွားတဲ့ အဖြစ်အပျက်မျိုးတွေ ဖြစ်နိုင်ပါတယ်။ ယေရှုဘယ်အချိန်ပြန်လာမယ်ဆိုတာကို ကျွန်ုပ်တို့ အတိအကျမသိနိုင်ပါဘူး။ ဒါပေမဲ့ ကိုယ်တော်မပြန်လာမချင်း အမှုတော်ကိုဆက်လက်လုပ်ဆောင်ဖို့က ကျွန်ုပ်တို့ရဲ့ အခွင့်ထူးတစ်ခုဖြစ်ပါတယ်။ ငါပြန်လာသည်အထိ စီးပွားရှာကြလော့'

**16 Thursday**

**"အရေးအကြီးဆုံးအရာကို ကာကွယ်ခြင်း"**

**JOHN BRADSHAW**

အိမ်တစ်အိမ်ရဲ့ရှေ့မှာ "XYZ လုံခြုံရေးကုမ္ပဏီ - သင့်အတွက် အရေးအကြီးဆုံးအရာကို ကာကွယ်ခြင်း" ဆိုတဲ့ ဆိုင်းဘုတ်တစ်ခုကို တွေ့ရပါတယ်။ အများအားဖြင့် အရေးကြီးတဲ့အရာတွေကို ကောင်းမွန်စွာကာကွယ်ထားလေ့ရှိပါတယ်။ အိမ်တွေနဲ့ ကားတွေကို သော့ခတ်ထားတတ်ကြပြီး၊ ပိုက်ဆံကို ဘဏ်မှာအပ်နှံထားကာ အရေးကြီးတဲ့စာရွက်စာတမ်းတွေကို လုံခြုံအောင်ထားရှိပြီး ကလေးတွေကိုလည်း အန္တရာယ်ကနေ ကာကွယ်ပေးထားတတ်ပါတယ်။

တန်ဖိုးရှိတဲ့ပစ္စည်းတွေကို ခိုးယူဖို့ စိတ်အားထက်သန်တဲ့သူတွေကတော့ အမြဲရှိနေပါတယ်။ အင်္ဂလန်ဘောလုံးသမားတစ်ဦးရဲ့နေအိမ်ကို ဖောက်ထွင်းဝင်ရောက်ပြီး ပေါင် ၁ သန်းတန် နာရီတွေနဲ့လက်ဝတ်ရတနာတွေ ခိုးယူခံရပြီးနောက် သက်ဆိုင်ရာအာဏာပိုင်တွေက ကျွမ်းကျင်တဲ့သူခိုးဂိုဏ်းတစ်ဂိုဏ်းဟာ ဒီခိုးမှုကျူးလွန်ဖို့အတွက် ဗြိတိန်ကို အထူးလာရောက်ခဲ့တာ ဖြစ်နိုင်တယ်လို့ ဆိုခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ မက်ဆာချူးဆက်ပြည်နယ်၊ ဘော်စတွန်မြို့က သူခိုးတွေဟာ ဒေါ်လာ သန်း ၅၀၀ တန်တဲ့ အနုပညာလက်ရာတွေကိုခိုးယူသွားခဲ့ပါတယ်။ ရာဇဝတ်သားတွေကို ဘယ်တော့မှမဖမ်းမိခဲ့ဘဲ နယ်သာလန်ပန်းချီဆရာကြီးတွေဖြစ်တဲ့ ဗားမီးယားနဲ့ရင်မ်ဘရန့်တို့ရဲ့ ပန်းချီကားတွေအပါအဝင် အနုပညာလက်ရာတွေကိုလည်း ဘယ်တော့မှ ပြန်မရခဲ့ပါဘူး။ ငွေကြေးရရှိဖို့ မျှော်လင့်ချက်က ရာဇဝတ်မှုတွေကို ကျူးလွန်ဖို့ လူအများအပြားကို တွန်းအားပေးခဲ့ပါတယ်။

သို့သော် အနုပညာလက်ရာတွေ၊ နာရီတွေနဲ့ ငွေကြေးတွေဟာ ထာဝရကာလရှေ့မှောက်မှာ တန်ဖိုးအနည်းငယ်သာရှိပါတယ်။ ယနေ့အသက်ရှင်နေတဲ့လူတိုင်းဟာ အလွန်တန်ဖိုးရှိတဲ့အရာတစ်ခုဖြစ်တဲ့စိတ် (သို့မဟုတ်) သူတို့ရဲ့ ထာဝရကံကြမ္မာအတွက် စစ်ပွဲတစ်ခုမှာ နစ်မြုပ်နေကြပါတယ်။ ဘုရားသခင်ရဲ့တံဆိပ်နဲ့ သားရဲရဲ့အမှတ်အသား နှစ်ခုစလုံးဟာ လူတစ်ဦးချင်းစီရဲ့နဖူး (စိတ်) မှာ ထားရှိမှာဖြစ်ပါတယ်။

ယေရှုက ပညတ်တော်ထဲမှာ အကြီးမြတ်ဆုံးပညတ်က " သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်တစ်ခုလုံး၊ ဉာဏ်ရှိသမျှနှင့်ချစ်လေ့’ (မဿဲ ၂၂:၃၇), လို့ ဖော်ပြခဲ့ပေမဲ့၊ " သင်တို့၏ ရန်သူဖြစ်သော မာရ်နတ်သည် ဟိန်းဟောက်သောခြင်္သေ့ကဲ့သို့ ဝါးမျိုရမည့်သူကို လှည့်လည်ရှာဖွေနေပါတယ်" **(၁ ပေ ၅:၈)။**

## ကျွန်ုပ်တို့၏အခြေအနေ

ကျွန်ုပ်တို့ဟာ တခြားသောစစ်ပွဲတွေနဲ့မတူတဲ့ စစ်ပွဲတစ်ခုရဲ့အလယ်မှာ ရှိနေပါတယ်။ " နဂါးသည် အမျိုးသမီးအပေါ် ဒေါသထွက်သဖြင့် ကျန်ကြွင်းသောထိုအမျိုးသမီး၏ မျိုးဆက်များကို တိုက်ခိုက်ရန် ထွက်ခွာသွား၏။ ထိုမျိုးဆက်များသည် ဘုရားသခင်၏ပညတ်တော်တို့ကို လိုက်နာသူများ၊ ယေရှုအကြောင်းသက်သေခံ ချက်တို့ကို သစ္စာရှိစွာ ထိန်းသိမ်းသူများဖြစ်ကြ၏။ (ဗျာဒိတ် ၁၂:၁၇). ဒီစစ်ပွဲဟာ ဒီအချိန်မှာပဲ ပြင်းပြင်းထန်ထန် ဖြစ်ပွားနေပါတယ်။ ဒါဆိုရင် ဒီလို မျိုးတိုက်ခိုက်မှုတွေကြားထဲမှာ သင့်ရဲ့စိတ်၊ သင့်ရဲ့နှလုံးသားနဲ့ သင့်ရဲ့မိသားစုဝင်တွေကိုကာကွယ်ဖို့ သင်ဘာတွေလုပ်ဆောင်နေပါသလဲ။

ယေရှုက ကမ္ဘာမြေရဲ့နောက်ဆုံးကာလမှာ အသက်ရှင်နေတဲ့ ကိုယ်တော်ရဲ့လူတွေကို "သင်၏လုပ်ဆောင်မှုကို ငါသိ၏။ သင်သည် အအေးလည်းမဟုတ်။ အပူလည်းမဟုတ်။ ငါသည် သင့်အား အအေး၊ သို့မဟုတ် အပူဖြစ်ရန် အလိုရှိ ၏။ သို့သော် သင်သည် အအေးမဟုတ်၊ အပူမဟုတ်၊ နွေးရုံသာရှိသောကြောင့် ငါသည် သင့်ကို ငါ၏ခံတွင်းမှ ထွေးထုတ်တော့မည်။ (ဗျာဒိတ် ၃:၁၅-၁၆) လို့ မိန့်တော်မူခဲ့ပါတယ်။ ကိုယ်တော်က "‘ငါသည် ချမ်းသာ၍ ကြွယ်ဝသောကြောင့် မည်သည့်အရာကိုမျှ မလို" ဘူးလို့ နောက်ဆုံးကာလယုံကြည်သူတွေက ပြောကြပါတယ် (ဗျာဒိတ် ၃:၁၇)။

လေးနက်သောသတိပေးချက်သည် ဘုရားသခင်၏လူမျိုးကို ထိတ်လန့်စေသင့်သည်။ အသင်းတော်၏ **ဝိညာဉ်ရေးအခြေအနေမှာ အလွန်ဆိုးရွား၍ အန္တရာယ်ရှိနေသည်**ကို သူတို့ကိုယ်တိုင် မသိရှိကြကြောင်း ယေရှုက သတိပေးနေခြင်းဖြစ်ပါသည်။ ဒီသတိပေးချက်က တခြားသူတွေနဲ့သာဆိုင်တယ်ဆိုပြီး ပယ်ချလို့မရပါဘူး။ လောဒိကိသတင်းစကားဟာ ဘုရားသခင်ရဲ့လူအားလုံးအတွက်ဖြစ်ပါတယ်။

Ellen White က အခုလို ရေးသားခဲ့ပါတယ်။ "သူတို့ကိုယ်သူတို့ ခရစ်ယာန်တွေလို့ ခေါ်ကြတဲ့ လူတော်တော် များများဟာ လူ့ကျင့်ဝတ်ဆိုင်ရာ ပညာရှင်တွေသာ ဖြစ်ကြပါတယ်။ ကမ္ဘာသို့ ယေရှုကို ကိုယ်စားပြုခြင်းအားဖြင့် ခရစ်တော် ကို ဂုဏ်ပြုနိုင်စေမယ့် တစ်ခုတည်းသောလက်ဆောင်ကို သူတို့ငြင်းပယ်ခဲ့ကြတယ်။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့အလုပ် က သူတို့အတွက် ထူးဆန်းတဲ့အရာတစ်ခုဖြစ်နေပါတယ်။ သူတို့ဟာ နှုတ်ကပတ်တော်ကို လိုက်နာကျင့်သုံးသူတွေ မဟုတ်ကြဘူး။ ခရစ်တော်နဲ့တစ်လုံးတစ်ဝတည်းဖြစ်သူတွေကို လောကနဲ့ တစ်လုံးတစ်ဝတည်းဖြစ်သူတွေဆီကနေ ခွဲခြားပေးတဲ့ကောင်းကင်ဘုံဆိုင်ရာ နိယာမတွေဟာ ကွဲပြားမှုမရှိသလောက်ဖြစ်နေပါတယ်။ ခရစ်တော်ရဲ့နောက်လိုက်ဖြစ်ကြောင်း ဝန်ခံသူတွေဟာ သီးခြားဖြစ်ပြီး ထူးခြားတဲ့လူမျိုးမဟုတ်ကြတော့ပါဘူး။ ပိုင်းခြားသတ်မှတ်ထားတဲ့နယ်နိမိတ်မျဉ်းက မှုန်ဝါးနေပါတယ်။ လူတွေဟာကိုယ့်ကိုယ် ကိုယ် လောကရဲ့လက်အောက်ခံအဖြစ် လောကရဲ့အလေ့အကျင့်တွေ၊ ဓလေ့ထုံးတမ်းတွေနဲ့ ကိုယ့်ကိုယ်ကိုယ်ချစ်တဲ့စိတ်တွေရဲ့အောက်မှာ လိုက်လျောနေကြပါတယ်။ လောကီသားတို့သည်

ပညတ်တော်ကို နာခံပြီး အသင်းတော်ထံသို့ လာရမယ့်အစား၊ အသင်းတော်သည် ပညတ်တရားကို လွှန်ကျူးခြင်းဖြင့် လောကသို့ ကူးပြောင်းသွားလေပြီ။ နေ့စဉ်နဲ့အမျှ အသင်းတော်သည် လောကသို့ ကူးပြောင်းလျက်ရှိသည်။" " **Christ's Object Lessons, p. 315.**

**ပေါလုရေးခဲ့သောစာ၌ အထူးသဖြင့် ရောမအသင်းတော်ကို အလေးအနက်ဆင်ခြင်စေလိုသည့်အရာမှာ...** လူ့ဇီဇစိတ်နှင့်ဆိုင်သော အရာတို့ကို စွဲလမ်းသောသူသည် အသက်ဆုံးရလိမ့်မည်။ ဝိညာဉ်တော်နှင့်ဆိုင်သောအရာတို့ကို စွဲလမ်းသောသူသည် အသက်ရှင်၍ ငြိမ်းချမ်းမှုကိုရလိမ့်မည်။ လူ့ဇီဇစိတ်နှင့်ဆိုင်သော အရာတို့ကို စွဲလမ်းသောသူသည် ဘုရားသခင်ကို အစဉ်ဆန့်ကျင်၏။ ထိုသို့ စွဲလမ်းသောသူသည် ဘုရားသခင်၏ပညတ်တရားကို မလိုက်နာ။ လိုက်နာနိုင်စွမ်းလည်းမရှိ။ လူ့ဇီဇစိတ်အတိုင်း အသက်ရှင်သောသူတို့သည် ဘုရားသခင်ကို မနှစ်သက်စေနိုင်ကြ။ (ရောမ ၈း၆-၈)

ယေရှုထံကို အကြွင်းမဲ့အရှုံးမပေးဘဲ ဝိညာဉ်ရေးရာ လုံခြုံမှုဆိုတာ မရှိနိုင်ပါဘူး။ ကျေးဇူးတင်စရာကောင်းတာက ပေါလုဟာ ရောမလူမျိုးတွေကို မျှော်လင့်ချက်မရှိဘဲထားခဲ့သည်မဟုတ်။ သူက သင်တို့သည် လူ့ဇီဇစိတ်၏အလိုအတိုင်း အသက်ရှင်လျှင် သေကြရလိမ့်မည်။ သို့သော် လူ့ဇီဇစိတ်၏ အကျင့်တို့ကို ဝိညာဉ်တော်အားဖြင့် အဆုံးသတ်လျှင်မူ အသက်ရှင် ကြလိမ့်မယ် ... လို့ ရေးခဲ့ပါတယ် (ရောမ ၈း၁၃)။

**မကြာမီ ယေရှုရှင်ပြန်လည်ကြွလာတော့မှာဖြစ်လို့ ဘုရားသခင်ရဲ့လူတွေအနေနဲ့ စိတ်နှလုံးကို အမှန်တကယ်ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။**

## ဘုရားပေးတဲ့လက်ဆောင်

သင့်အတွက် ယေရှုဟာ "မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင်အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတစ်ပါးမျက်နှာလွှဲခြင်းကိုခံရသောသူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။ သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုလည်းကောင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုလည်းကောင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့လွှန်ကျူးခြင်း အပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။" **(ဟေရှာယ ၅၃း၃-၅)**

သင့်ရဲ့အပြစ်တွေကို သခင်ယေရှုဟာ လက်ဝါးကပ်တိုင်ပေါ်သို့ ယူဆောင်သွားပြီး သင့်အတွက် အသေခံခဲ့ပါတယ်။ ဘုရားသခင်ရဲ့ရှေ့မှောက်မှာ သင်ဟာ အလွန်တန်ဖိုးရှိတယ်ဆိုတာကို ကောင်းကင်ဘုံက ဒါထက်ပိုပြီး သက်သေပြစရာ မရှိတော့ပါဘူး။ ဘုရားသခင်ဟာ "မိမိ၏တစ်ပါးတည်း သောသားတော်ကို စွန့်တော်မူ၏။" (ယောဟန် ၃:၁၆) လို့ဆိုတဲ့အတိုင်း ဖြစ်နိုင်သမျှ အကြီးမြတ်ဆုံးသောလက်ဆောင်ကိုပေးခဲ့ပါတယ်။ သင်ဟာ အဲဒီလက်ဆောင်ကို လက်ခံမယ်ဆိုရင် အဲဒါ သင့် အတွက် ဖြစ်ပါတယ်။

လောဒိကိအသင်းတော်ကို သခင်ယေရှုက "**စစ်မှန်သောချမ်းသာမှု**ကိုရရန် မီးဖြင့်သန့်စင်ထားသော ရွှေကိုလည်းကောင်း၊ သင်၏အဝတ်မပါသည့် **အရှက်ကို ဖုံးအုပ်ရန်** အဝတ်ဖြူကိုလည်းကောင်း၊ **သင်၏မျက်စိမြင်နိုင်ရန်** ခတ်စရာမျက်စဉ်းကိုလည်းကောင်း ငါ့ထံမှ ဝယ်ယူလော့' ဟု သင့်အား ငါအကြံပေး၏။ (ဗျာဒိတ် ၃း၁၈) ခရစ်တော်ကိုယုံကြည် ခြင်း၊ ကိုယ်တော်ရဲ့ဖြောင့်မတ်ခြင်းနဲ့သန့်ရှင်းသောဝိညာဉ်တော်ရဲ့မျက်စိဆေးတို့ကို အခမဲ့ရရှိနိုင်ပါတယ်။ ခရစ်တော်နှင့်

သူ၏ဖြောင့်မတ်ခြင်း တရားကို သင်လက်ခံရရှိမည်ဆိုပါက ၎င်းတို့သည် သင့်အတွက်ဖြစ်ပါလိမ့်မည်။ နေ့စဉ်ဆုတောင်းခြင်းနဲ့ ကျမ်းစာဖတ်ရှုခြင်းက ဘုရားသခင်နဲ့သင့်ရဲ့ဆက်ဆံရေးကို ခိုင်ခံ့စေပါလိမ့်မယ်။ သင့်ရဲ့အသက်တာကို ယေရှုထံ အပ်နှံလိုက်ခြင်းဖြင့် ကယ်တင်ခြင်းဆုလဒ်ကို သင်ရရှိပြီဆိုတဲ့ (စိတ်ချယုံကြည်ခြင်း..သေချာမှု) အာမခံချက်ကိုသင်ရရှိနိုင်ပါတယ်။

"ကျွန်ုပ်တို့သည် ခရစ်တော်ထံသို့ မိမိကိုယ်ကို အပ်နှံလိုက်သောအခါ၊ စိတ်နှလုံးသည် သူ၏စိတ်နှလုံးနှင့် စည်းလုံးညီညွတ်ပြီး၊ အလိုဆန္ဒသည် သူ၏အလိုတော်၌ပေါင်းစည်းသည်၊ စိတ်သည် သူ့စိတ်နှင့် တလုံးတဂတည်းဖြစ်လာ သည်၊ အတွေး များသည် ကိုယ်တော်၏အုပ်စိုးမှုအောက်သို့ ရောက်ရှိလာမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် ကိုယ်တော်၏အ သက်ကို အသက်ရှင် နေ ထိုင် မည်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏ဖြောင့်မတ်ခြင်းအဝတ်ကို ဝတ်ဆင်ခြင်း၏ အဓိပ္ပာယ်ပင်ဖြစ်သည်" Christ's Object Lessons, p. 312.

သင့်အနေနဲ့ ကိုယ်တော်ကို ဖိတ်ခေါ်မယ်ဆိုရင် သခင်ယေရှုက အရေးအကြီးဆုံးသောအရာကို ကာကွယ်ပေးပါလိမ့်မယ်။

**18 Friday**

## ရိုးသားမှုသည် အကောင်းဆုံးမူဝါဒဖြစ်၏။

**JOHN BRADSHAW**

လူအများပြောသလို ရိုးသားခြင်းသည် အကောင်းဆုံးမူဝါဒပင် ဖြစ်သည်။ ထိုစကားသည် ယုံကြည်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် အမှန်ဆုံးဖြစ်သည်။ အီဂျစ်ကျွန်ဘဝမှ လွတ်မြောက်လာသော ဣသရေလလူမျိုးတို့သည် ဘုရားသခင် နှင့် ပဋိညာဉ်ပြုရန် သဘောတူခဲ့ကြသည်။ ထိုလူမျိုးတို့သည် မျှော်လင့်ချက်အပြည့်ဖြင့် တောကန္တာရ၌ ဘုရားသခင်နှင့် ရင်ဆိုင် တွေ့ဆုံခဲ့ ကြသည်။ ဘုရားသခင်က သူတို့ကို "လူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော်" ဖြစ်စေမည်၊ "မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး" ဖြစ်စေမည်ဟု ပြောကြားခဲ့ရာ ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏အဆိုပြုချက်ကို စိတ်အားထက်သန်စွာသဘောတူခဲ့ကြသည် (ထွက် ၁၉:၅၊ ၆)။ "ထာဝရဘုရားမိန့်တော်မူသမျှတို့ကို အကျွန်ုပ် တို့ နားထောင်၍ ကျင့်ပါမည်" ဟုလည်း သူတို့ကြွေးကြော်ခဲ့ကြသည် **(ထွက် ၁၉း၈)**

သို့သော် ဣသရေလလူမျိုးတို့သည် ခြောက်ပတ်မျှသာ ကြာပြီးနောက် မောရှေ၏အစ်ကိုဖြစ်သူ ယဇ်ပုရောဟိတ်မင်းအာရုန်၏ဦးဆောင်မှုဖြင့် ရွှေနွားရုပ်ကိုထုလုပ်ကာ ရုပ်တုကိုးကွယ်ခြင်းအမှု၌ ပါဝင်ပတ်သက်ခဲ့ကြသည်။ "ထိုလူမျိုးတို့သည် စားသောက်လျက် ထိုင်နေကြ၏။ နောက်တစ်ဖန်ကခုန်မြူးထူးခြင်းငှာ ထကြ၏" (ထွက် ၃၂:၆)။ သိနာတောင်မှ ဆင်းလာစဉ်တွင် မောရှေသည် ထိုမြင်ကွင်းကိုတွေ့၍ အလွန်အမင်း ရှုံ့ရှာစက်ဆုပ်သဖြင့် "လက်၌ရှိသော ကျောက်ပြားတို့ကိုချ၍ တောင်ခြေရင်း၌ချိုးဖွဲ့၏။" **(ထွက် ၃၂း၁၉)**

သူတို့၏ပြဿနာမှာ စိတ်ရင်းစေတနာ သို့မဟုတ် ဆန္ဒမရှိခြင်းမဟုတ်ပေ။ ပေါလုက ရောမဩဝါဒစာအခန်း ၇ တွင် "ကျွန်ုပ်သည် မိမိကိုယ်တိုင်ပြုသော အပြုအမူကိုပင်နားမလည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည်မိမိပြုလိုသောအပြုအမူကိုမပြုဘဲ မိမိမုန်းတီးသော အပြုအမူကိုသာ ပြုသောကြောင့်ဖြစ်၏။ (ရောမ ၇း၁၅) ဟု ဖော်ပြခဲ့သည့် အခြေအနေမျိုးနှင့် သူတို့ရင်ဆိုင်တွေ့ခဲ့ရခြင်းဖြစ်သည်။ ဣသရေလလူမျိုးတို့လိုအပ်သည်မှာ ရိုးသားခြင်းဖြစ်သည်။

ဘုရားသခင်တောင်း ဆိုထားသည်များကို လုပ်ဆောင်နိုင်စွမ်းမရှိကြောင်း ဝန်ခံလိုက်ပါက အဆုံးမရှိသော ကျရှုံးမှုနှင့် ဆင်းရဲဒုက္ခများမှ ရှောင်ရှားနိုင် ခဲ့မည်ဖြစ်သည်။

ကျွန်ဘဝမှ လွတ်မြောက်လာပြီး လွတ်လပ်မှုနှင့် ကိုယ့်အားကိုယ်ကိုးမှုကို မကျင့်သားသေးသည့်အပြင် မျိုးဆက်ပေါင်းများစွာ ရုပ်တုကိုးကွယ်မှုဖြင့် ဝန်းရံခြင်းခံထားရသော ဤလူမျိုးသည် ဘုရားသခင်တောင်းဆိုသည့်အရာများကို မိမိတို့ ကိုယ်တိုင်မလုပ်ဆောင်နိုင်သည်မှာ ထင်ရှားသည်။ ထိုအခြေအနေသည် ယနေ့ခေတ် ဘုရားသခင်၏လူများ ရင်ဆိုင်နေရသော အခြေအနေပင်ဖြစ်သည်။ မေးစရာမေးခွန်းမှာ ဘုရားသခင်က မိမိလူတို့အား ချစ်ခင်နာခံစေလိုသလားဆိုသည်မဟုတ်ဘဲ ထိုအရာသည် မည်သို့မည်ပုံဖြစ်မြောက်လာမည်နည်းဟူ၍ဖြစ်သည်။

## သော့ချက်

လူအတော်များများက ဘုရားသခင်၏မျက်မှောက်တော်တွင် ဖြောင့်မတ်စွာ မနေထိုင်နိုင်ခြင်းကြောင့် စိတ်ဓာတ်ကျကာ ခရစ်ယာန်စစ်စစ်တစ်ယောက်ဖြစ်ရန် လျှို့ဝှက်ချက်ကို ဘယ်တော့မှသိနိုင်မည်မဟုတ်ဟု ကောက်ချက်ချတတ်ကြသည်။ ယေရှု၏ နောက်လိုက်တစ်ဦးအနေဖြင့် ပထမဆုံးနားလည်ရမည့်အရာမှာ မိမိကိုယ်ပိုင်အားနည်းချက်ဖြစ်ပါသည်။ ဒုတိယအနေဖြင့် ထိုအားနည်းချက်ထဲ၌ပင် ဘုရားသခင်က မည်ကဲ့သို့လုပ်ဆောင်ပေးမည်ကို နားလည်ရန်ဖြစ်သည်။

အမှန်တရားမှာ ဘုရားသခင်သည် မိမိကိုယ်ကို ခိုင်မာသည်ဟု ယူဆသူများကို ကယ်တင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ပေါလုက "မိမိကိုယ်ကိုယ် ခိုင်ခံ့စွာ ရပ်နေသည်ဟု ထင်လျှင် မလဲကျစေရန် သတိပြုပါ။" (၁ ကော ၁၀:၁၂) ဟု ရေးသားခဲ့ခြင်းဖြစ်သည်။ ပရောဖက်ကလည်း" ပြုဖူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့်တူကြပါ၏။ **(ဟေရှာယ ၆၄း၆)** ဟုဆိုခဲ့သည်။

သို့သော် အပြစ်ရှိ၍ ဖြောင့်မတ်မှုမရှိသော လူတို့အား ဘုရားသခင်က "ငါပြုသောကျေးဇူးသည် သင့်အတွက် လုံလောက်၏။ အဘယ်ကြောင့်ဆိုသော် ငါ့တန်ခိုးသည် သင်အားနည်းသောအခါ အပြည့်အဝထင်ရှားသောကြောင့်ဖြစ်၏" (၂ကော ၁၂း၉). ဟု မိန့်တော်မူခဲ့သည်။ ခရစ်ယာန်ဘဝ အောင်မြင်စွာနေထိုင်ခြင်း၏**အဓိကသော့ချက်မှာ ယေရှု၏တန်ခိုးတော်ကိုအားကိုးရန် သင်ယူခြင်းဖြစ်သည်။** ဘုရားသခင်သည် မိမိ၏သားသမီးများအား ကြီးမြတ်သောအရာများကို ပြုလုပ်ရန် တောင်းဆိုသည်မဟုတ်ဘဲ ဘုရားသခင်သည် သူတို့ထဲ၌ ကြီးမြတ်သောအရာများကို လုပ်ဆောင်နိုင်ရန် **သူတို့၏ဘဝများကို ကိုယ်တော်ထံ သို့ လုံးဝအပ်နှံရန်ကိုသာ တောင်းဆိုပါသည်။**

ဤအယူအဆကို ဖိလိပ္ပိသြဝါဒစာ၌ ထပ်ခါတလဲလဲဖော်ပြထားသည်။ သင်တို့အထဲတွင် ကောင်းသောအမှုကို စတင်ဆောင်ရွက်တော်မူသောဘုရားသခင်သည် ယေရှုခရစ်တော်ပြန်ကြွလာသည့်နေ့ရက်တိုင်အောင် ထိုအမှုကို ပြီးမြောက်သည်အထိ ဆက်၍ပြုတော်မူမည်ဟု ကျွန်ုပ်စိတ်ချယုံကြည်ပါ၏။ (ဖိလိပ္ပိ ၁း၆). အပြစ်သားတစ်ဦး၏ဘဝတွင် ကယ်တင်ခြင်းအမှုကို စတင်သူသည် ယေရှုပြန်ကြွလာမည့်နေ့အထိ ထိုအမှုကို ဆက်လက်လုပ်ဆောင်မည်ဟု ဂတိပြုထားသည်။ ဘုရားသခင်နှစ်သက်စေမည့်အရာကို ဆောင်ရွက်လိုသောစိတ်ဆန္ဒရှိရန်နှင့် ဆောင်ရွက်နိုင်စွမ်းရှိရန် သင်တို့အထဲ၌ သက်ဝင်လှုပ်ရှားနေသောအရှင်သည် ဘုရားသခင်ဖြစ်တော်မူသောကြောင့်ဖြစ်၏။ (ဖိလိပ္ပိ ၂း၁၃).

ဖိလိပ္ပိမြို့ရှိ ယုံကြည်သူများထံသို့ ပေါလုက သူ၏ဆန္ဒကို ဖော်ပြခဲ့ရာတွင် "ပညတ်တရားကိုလိုက်နာခြင်းအားဖြင့်ရရှိသော ကျွန်ုပ်၏ဖြောင့်မတ်ခြင်းကို အားမကိုးတော့ဘဲ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ရရှိသော

ဖြောင့်မတ်ခြင်းကိုသာ အားကိုး၏။ ထိုဖြောင့်မတ်ခြင်းသည် ဘုရားသခင်သတ်မှတ်တော်မူသောအရာဖြစ်ပြီး ယုံကြည်ခြင်းကိုအခြေခံ၍ရရှိသော ဖြောင့်မတ်ခြင်းဖြစ်၏။" (ဖိလိပ္ပိ ၃:၉)။ ဘုရားသခင်သည် ကိုယ်တော်၏သားသမီးများအား ကိုယ်တော်၏ဘဝကို သူတို့ထဲတွင် အသက်ရှင်ခွင့်ပြုစေလိုကြောင်းကို ဖိလိပ္ပိအသင်းတော်အား ပေါလုက ရှင်းပြသည်။ အပြစ်သားများသည် မိမိတို့၏ဘဝကို ဘုရားသခင်ထံသို့ အပ်နှံခြင်းဖြင့် ယေရှု၏ဖြောင့်မတ်ခြင်းကို ရရှိကြသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် လူတစ်ဦး၏ဘဝတွင် ကိန်းအောင်းသောအခါ ခရစ်တော်နှင့် ကိုယ်တော်၏ ဖြောင့်မတ်ခြင်းကို ယုံကြည်သူထံသို့ယူဆောင်လာပေးသည်။ ယေရှုသည် ကိုယ်တော်၏နောက်လိုက်များ၏နှလုံးသားထဲတွင်အသက်ရှင်ရန် ဂတိပြုထားသည်။ ဂလာတိဩဝါဒစာ ၂:၂၀ တွင် ဖော်ပြထားသည့်အတိုင်း "ကျွန်ုပ်သည် ခရစ်တော်နှင့်အတူ လက်ဝါး ကပ်တိုင်၌ သတ်ခြင်းခံရပြီ။ သို့ဖြစ်၍ ကျွန်ုပ်သည် အသက်မရှင်တော့ဘဲ ခရစ်တော်သာ လျှင် ကျွန်ုပ်ထဲ၌အသက်ရှင်တော်မူ၏။ ယခုကိုယ်ခန္ဓာ၌ ကျွန်ုပ်အသက်ရှင်သည်မှာ ကျွန်ုပ်ကိုချစ်၍ ကျွန်ုပ်အတွက် အသက်ပေးတော်မူသော ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းဖြစ်၏။" ရှင်ပေါလုက ကောလောသဲအသင်းတော်အား ဧဝံဂေလိတရား၏ နက်နဲသောအရာသည် ""ခရစ်တော်ကြောင့် သင်တို့သည် ဘုရားသခင်၏ ဘုန်းအသရေကိုရရှိရန် မျှော်လင့်ရ၏။ (ကောလောသဲ ၁:၂၇) ဟု ရှင်းပြခဲ့သည်။

ယေရှုသည်လည်း ကိုယ်တော်နှင့်တပည့်တော်များအကြား ဆက်ဆံရေးကို စပျစ်နွယ်ပင်နှင့် အကိုင်းအခက်များ၏ဆက်နွယ်မှုနှင့် နှိုင်းယှဉ်၍ ထိုအယူအဆကိုပင်ဖော်ပြခဲ့သည်။""ငါ၌ တည်နေကြလော့။ ငါသည်လည်း သင်တို့၌တည်နေမည်။ အဘယ်ကြောင့်ဆိုသော် စပျစ်ခက်သည် အပင်၌ မတည်လျှင် အသီးမသီးနိုင်သကဲ့သို့ သင်တို့သည်လည်း ငါ၌ မတည်လျှင် အသီးမသီးနိုင်ကြ။" (ယောဟန် ၁၅:၄) ဟု ယေရှုမိန့်တော်မူခဲ့သည်။

## ခရစ်တော်၌ အသက်ရှင်ခြင်း

ဘုရားသခင်၏သားသမီးများအတွက် နေ့ရက်တိုင်းကိုယ်တော်ထံသို့ ကိုယ့်ကိုယ်ကိုယ် အပ်နှံကြရန်အခွင့်အရေးကိုပေးသည်။ "ခရစ်တော်ထံသို့ အပ်နှံထားသော စိတ်ဝိညာဉ်သည် ကိုယ်တော်ပိုင်ဆိုင်သောခံတပ်ဖြစ်လာပြီး ပုန်ကန်သောလောကတွင် ကိုယ်တော်က ထိုခံတပ်ကို စောင့်ရှောက်ထားသည်။ ထို့အပြင် ကိုယ်တော်သည် ထိုခံတပ်တွင် ကိုယ်တော်၏အာဏာမှ တစ်ပါးအခြားအာဏာမရှိစေရန် ရည်ရွယ်ထားသည်။ ထိုသို့ကောင်းကင်ဘုံအဖွဲ့အစည်းများ၏ပိုင်ဆိုင်မှုအဖြစ် ထိန်းသိမ်းထားသော စိတ်ဝိညာဉ်ကို စာတန်၏တိုက်ခိုက်မှုများက မဖျက်ဆီးနိုင်ပေ။" (The Desire of Ages, p. 324)

"သင်တို့သည် တစ်စုံတစ်ဦးအား နာခံရန်မိမိကိုယ်မိမိဆက်သလျှင် ထိုသူ၏ ကျွန်ဖြစ်လာသည်ကိုမသိသလော။ သို့ဖြစ်၍ သင်တို့သည် သင်တို့ကိုသေစေမည့်အပြစ်တရား၏ကျွန်လည်းဖြစ်နိုင်သကဲ့သို့ ဖြောင့်မတ်စွာနေထိုင်စေမည့်နာခံခြင်း၏ကျွန်လည်းဖြစ်နိုင်၏။" **(ရောမ ၆:၁၆)**

"စစ်မှန်သောနာခံမှုရှိသမျှသည် နှလုံးသားမှလာသည်။ ထိုအရာသည် ခရစ်တော်နှင့်ပတ်သက်၍ နှလုံးသား၏ အလုပ်ဖြစ်သည်။ ကျွန်ုပ်တို့သဘောတူပါက ကိုယ်တော်သည် ကျွန်ုပ်တို့၏အတွေးများနှင့် ရည်ရွယ်ချက်များနှင့်ပေါင်းစပ်ပေးမည်ဖြစ်ကာ၊ ကျွန်ုပ်တို့၏နှလုံးသားနှင့်စိတ်ကို ကိုယ်တော်၏အလိုတော်နှင့်ကိုက်ညီစေမည်ဖြစ်သဖြင့် ကိုယ်တော်ကိုနာခံသောအခါ ကျွန်ုပ်တို့၏စိတ်အလိုများကို လုပ်ဆောင်ခြင်းသာဖြစ်လိမ့်မည်။ သန့်စင်ပြီး သန့်ရှင်းစေသော ဆန္ဒသည် ကိုယ်တော်၏အမှုကို ထမ်းဆောင်ရာတွင် အမြင့်ဆုံးသောပျော်ရွှင်မှုကို တွေ့ရှိလိမ့်မည်။ ဘုရားသခင်ကို သိကျွမ်းရန် အခွင့်အရေးရှိသည့်အတိုင်း ကိုယ်တော်ကို ကျွန်ုပ်တို့သိကျွမ်းသောအခါ ကျွန်ုပ်တို့၏ဘဝသည် အဆက်

မပြတ်နာခံမှုရှိသောဘဝဖြစ်လာလိမ့်မည်။ ခရစ်တော်၏စရိုက်ကိုတန်ဖိုးထားနားလည်ခြင်းနှင့် ဘုရားသခင်နှင့်အတူ ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် အပြစ်သည်ကျွန်ုပ်တို့အတွက် ရွံရှာဖွယ်ဖြစ်လာလိမ့်မည်။" **(The Desire of Ages), p. 668.**

ဂျာမန်ဘာသာရေးပညာရှင် Dietrich Bonhoeffer ရေးခဲ့သည့်အတိုင်း "ခရစ်တော်သည် လူတစ်ဦးကိုခေါ်သော အခါ၊ လာ၍သေရန် သူ့ကိုတောင်းဆိုခြင်း"ဖြစ်သည်။ ထိုသို့ဟောင်းနွမ်းသောဘဝအတွက် အသေခံခြင်းက ယေရှုအား ကိုယ်တော်၏ပုံသဏ္ဍာန်အတိုင်း ကျွန်ုပ်တို့ကို ပြန်လည်ပုံဖော်ရန်အခွင့်ပေးသည်။ ကိုယ်တော်ထံသို့ မည်ကဲ့သို့ပိုမို၍ အပ်နှံရမည်ကို ကျွန်ုပ်တို့သင်ယူနေချိန်တွင် စိတ်ပျက်အားငယ်ရသည့်အချိန်များရှိလာမည်မှာသေချာသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်နှင့် ရိုးသားမည်ဆိုပါက ထာဝရကာလ တောင်းဆိုသည့်အတိုင်း ကျွန်ုပ်တို့မဖြစ်နိုင်ကြောင်း ဝန်ခံရလိမ့်မည်။

ထိုရိုးသားမှုကပင် ဘုရားသခင်သည် အားအနည်းဆုံးသောဘဝတွင်ပင် ဖြောင့်မတ်စေခြင်းနှင့် သန့်ရှင်းစေခြင်း အတွက် လိုအပ်သည့်အရာအားလုံးကို လုပ်ဆောင်ပေးနိုင်ကြောင်း အသိအမှတ်ပြုမည်ဖြစ်သည်။ ယေရှုထံသို့အပ်နှံထား ခြင်းဖြင့် ကျွန်ုပ်တို့သည်ကယ်တင်ခံရသူများက .."ထိုကာလ၌ ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော၊ ငါတို့၏ ဘုရားသခင်တည်း။ ငါတို့ကို ကယ်တင်တော်မူလိမ့်မည်။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော ထာဝရဘုရားတည်း။ ကယ် တင်တော်မူခြင်းကျေးဇူးကြောင့်၊ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့ဟု ဆိုကြလိမ့်မည်။" (ဟေရှာယ ၂၅း၉) ဟု ပြောဆိုမည့်ထိုကြီးမြတ်သောနေ့ကိုယုံကြည်စိတ်ချစွာ မျှော်ကြည့်နိုင်သည်။

"မှန်ပေ၏။ ငါသည်အလျင်အမြန်လာမည်"(ဗျာဒိတ် ၂၂း၂၀)

**အပြစ်သားတစ်ဦး၏ဘဝတွင် ကယ်တင်ခြင်းအမှုကို စတင်ခဲ့သူသည် ယေရှုပြန်ကြွလာမည့်နေ့အထိ ထိုအမှုကိုဆက် လက်လုပ်ဆောင်သွားမည်ဟု ဂတိပြုထားသည်။**

**20 Second Sabbath**

**ဒုတိယအကြိမ် ပြန်ကြွလာခြင်းအပြင်**

**ELLEN G. WHITE**

**ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ယေရှုနှင့်အတူ ထာဝရအသက်ရှင်ကြမည်။**

**ယခုမူကား မှန်ထဲတွင် အရိပ်ကို မြင်ရသကဲ့သို့ ထာဝရဘုရား၏ ပုံသဏ္ဍာန်တော်ကို သဘာဝတရား၏ ဖန်ဆင်းခြင်းများ တွင် ၎င်း၊ လူသားများကို ကိုင်တွယ်ပုံတွင်၎င်း တွေ့မြင်နိုင်သည်။ သို့သော် ထိုအချိန်တွင်မူကား မျက်နှာချင်းဆိုင် မျက်နှာတော်ကို ဖူးတွေ့ခွင့်ရပြီး မည်သည့်အရာကမျှ ကွယ်ကာခြင်းရှိတော့မည် မဟုတ်ပေ။**

ကယ်တင်ခြင်းခံရမည့်သူများ ရရှိမည့်အမွေကို "ကောင်းကင်ပြည်"လို့ ဟေဗြဲသြဝါဒစာ ၁၁:၁၄-၁၆ တွင်ဖော်ပြထား ပါတယ်။ ထိုပြည်တွင် သိုးထိန်းကြီးသည် မိမိသိုးစုအား အသက်စမ်းရေရှိရာသို့ ပို့ဆောင်လိမ့်မည်။

အသက်ပင်ကလည်း လစဉ်အသီးသီးပြီး အပင်ရဲ့အရွက်တွေက လူမျိုးတွေအတွက် အကျိုးပြုပါတယ်။

သလင်းကျောက်ပမာကြည်လင်သော ရေများနှင့်ပြည့်လျှံလျက်ရှိသည့် ချောင်းများစီးဆင်းနေပါသည်။ ထိုချောင်းများနံဘေး တွင် အရိပ်ကောင်းသောသစ်ပင်များရှိသည်။ ၄င်းတို့သည် ရွေးနုတ်ခံရသူများအတွက် ပြင်ဆင်ထားသည့် လမ်းများပေါ်တွင် မိုးနေပါသည်။ ကျယ်ပြန့်ညီညာသည့်လွင်ပြင်များသည်လည်း တောင်ကုန်းများ၏အလှကိုပို၍ တိုးပွါးစေပါသည်။ တောင်တန်း များ ၏တောင်ထိပ်များသည်လည်းမိုးထိအောင် မြင့်မားလျက်ရှိပါသည်။ သာယာသောထိုလွင်ပြင်များနှင့် တသွင်သွင်စီးဆင်း နေ သောချောင်းရေများနံဘေးတွင် ဘုရားသခင်၏သားသမီးများနေထိုင်ကြပါသည်။

ယေရုရှလင်မြို့သစ်သည် ကမ္ဘာမြေသစ်၏ မြို့တော်ဖြစ်သည်။ ထိုမြို့သည် "ထိုမြို့၏ အရောင်အဝါသည်၊ ကျောက်သလင်း နဂါးသွဲ့ကဲ့သို့၊ အမြတ်ဆုံးသော ကျောက်မျက်မွန်နှင့်တူ၏။ (Rev. 21:11). "လူမျိုးအပေါင်းတို့သည် ထိုမြို့၏ အလင်းကို အမှီပြု၍ သွားလာကြလိမ့်မည်။ လောကီရှင်ဘုရင်တို့သည် မိမိတို့၏ ဘုန်းအသရေကို ထိုမြို့ထဲသို့ ယူဆောင်လာ ကြလိမ့်မည်။ (Rev. 21:24)."ဘုရားသခင်၏ တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင်သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင် ဖြစ်တော်မူမည်။-(Rev. 21:3)" ထိုမြို့၌ ညမရှိရ၊ (Rev. 22:5). ထိုနေရာတွင်မောပန်းခြင်းလည်းမရှိပါ။

ထာဝရဘုရားက “ငါသည်လည်း ယေရုရှလင်မြို့ကြောင့် ဝမ်းမြောက်မည်” (Isa. 65:19). "ဟု မိန့်တော်မူ၏။ “သင်သည် ထာဝရဘုရား၏လက်တော်၌ တင့်တယ်သော ဦးရစ်၊ သင်၏ ဘုရားသခင်ကိုင်တော်မူသော မင်းမြောက်သရဖူဖြစ်လိမ့်မည်။ ဟေရှာယ ၆၂:၃။

## WHAT IT WILL BE LIKE ဘယ်လိုဖြစ်မလဲ။

ဘုရားသခင်ရဲ့ မြို့တော်မှာ "ညဉ့်မရှိတော့ပါဘူး။"(ဗျာဒိတ် ၂၂း၅) ထိုနေရာတွင်မောပန်းခြင်းလည်းမရှိပါ။ ဘုရားသခင်ရဲ့အလိုတော်ကိုထမ်းဆောင်ဖို့နဲ့ ကိုယ်တော်ရဲ့နာမတော်ကို ချီးမွမ်းဖို့ ပင်ပန်းနွမ်းနယ်ခြင်းမရှိကြပါဘူး။ ကျွန်ုပ်တို့သည် နံနက်မိုးသောက်၏လန်းဆန်းမှုမျိုးကို အမြဲတမ်းခံစားကြရလိမ့်မည်။ နေ၏အလင်းကို အခြားသောအလင်းတစ်ခုက စိုးမိုးထားသည်။ ထိုအလင်းတန်းသည် မကြည့်နိုင်လောက်အောင် တောက်ပလင်းလက်နေခြင်းမဟုတ်သော်လည်း မွန်းတည့်ချိန်အလင်းရောင်ထက် များစွာပို၍ ထွန်းလင်းနေပါသည်။ ကယ်တင်ခံရသူများသည် ထာဝရနေ့ကာလ၏ဘုန်းတော်တွင်လမ်းလျှောက်ကြပါသည်။

“မြို့ထဲ၌ ဗိမာန်တော်ကိုငါမမြင်၊ အကြောင်းမူကား၊ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသောထာဝရအရှင် ဘုရားသခင်နှင့် သိုးသငယ်သည် ထိုမြို့၏ ဗိမာန်ဖြစ်တော်မူ၏။”(Rev. 21:22). ကယ်တင်ခြင်းခံရသူများသည် ခမည်းတော်ဘုရား၊ သားတော် ဘုရားတို့နှင့် တိုက်ရိုက်ဆက်သွယ်ခွင့်ကိုရကြပေပြီ။ “ယခုမျက်မှောက်အချိန်တွင် ငါတို့သည်ဘုရားသခင်၏ ရုပ်လုံးတော်ကိုမှန်အားဖြင့် ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား၊ အတားအဆီးမရှိ၊ မျက်နှာချင်းဆိုင်ဖူးမြော်ရလိမ့်မည်။” (၁ကော ၁၃း၁၂)

ထာဝရဘုရားကိုယ်တော်တိုင် လူသားများ၏နှလုံးသား၌ စိုက်ပျိုးပေးခဲ့သောမေတ္တာတရား၊ ကိုယ်ချင်းစာတရားများသည် ထိုပြည်တွင်အကောင်းဆုံးလှုပ်ရှားနေပါပြီ။ ကောင်းကင်သားများနှင်တကွ ခေတ်အဆက်ဆက်တွင် သစ္စာရှိခဲ့သူများတို့ နှင့် ပြုလုပ်သည့်သန့်စင်သောဆက်သွယ်မှု "ကောင်းကင်ဘုံနှင့် ကမ္ဘာမြေပေါ်ရှိအိမ်ထောင်စု (အသင်းတော်

တစ်စုလုံး) (ဖေက် ၃:၁၅)အား ချည်နှောင်ထားသည့် သန့်ရှင်းသောသံယောဇဉ်များသည် ကယ်တင်ခြင်းခံရသူများ၏ ပျော်ရွှင်သာယာမှုကို တည်ဆောက်ရာတွင် အထောက်အကူပြုပါသည်။

ထိုအရပ်တွင် မသေကျေမပျက်စီးနိုင်တော့သည့်စိတ်ဓာတ်များဖြင့် ဖန်ဆင်းခြင်းတန်ခိုး၏အံ့ဖွယ်ရာများ၊ ကယ်နုတ်ခြင်းမေတ္တာတော်၏နက်နဲမှုများကို နှစ်နှစ်ခြိုက်ခြိုက်အာရုံပြုလေ့လာကြလိမ့်မည်။ စွမ်းရည်အသီးသီးသည် ဖွံ့ဖြိုးလာလိမ့်မည်။ လုပ်နိုင်စွမ်းများလည်း တိုးတက်လာလိမ့်မည်။ ဗဟုသုတများကို ရှာဖွေဆည်းဖူးနေရသောကြောင့် အားကုန်သွားသည် ဟူ၍မရှိ။ ကြီးကျယ်ခန်းနားသည့် လုပ်ငန်းများကိုဆက်လက်လုပ်ဆောင်သွားကြလိမ့်မည်။ မြင့်မားသောမျော်မှန်းချက်များကို တက်လှမ်းနိုင်ကာ အမြင့်မားဆုံးသောရည်ရွယ်ချက်ကိုပင် အကောင်အထည်ဖော်နိုင်ကြလိမ့်မည်။ သို့စေကာမူ နောက်ထပ်ပို၍သိစရာများ ပေါ်လာလိမ့်ဦးမည်။ ချီးမွမ်းစရာအံ့ဖွယ်များ၊ သိရှိစရာသမ္မာတရားများ၊ ကိုယ်စိတ်နှလုံးသုံးပါးကို အင်အားဖြည့်ပေးမည့် အသစ်သောအရာများ နောက်ထပ်ပေါ်လာလိမ့်ဦးမည်။

**လူသားတွေ ဘုရားသခင်အကြောင်း ပိုမိုသိရှိလေလေ၊ ကိုယ်တော်ရဲ့စရိုက်လက္ခဏာကို ပိုပြီးလေးစားကြည်ညိုလာကြလေ လေပါပဲ။**

## THE JOY OF ETERNITY ထာဝရပျော်ရွှင်မှု

စကြဝဠာ၏တန်ဖိုးရှိသောအရာအားလုံးကို ကယ်တင်ခြင်းခံရသူများ မြင်တွေ့ ကြရလိမ့်မည်။ သေတတ်သောဇာတိအားဖြင့် ထိန်းချုပ်ထားခြင်းမရှိတော့သဖြင့် သူတို့သည်အတောင်များဖြင့် အဝေးကမ္ဘာများဆီသို့ မမောမပန်းတမ်းပျံသန်းသွားကြပါသည်။ ဤ လောကမှ ကယ်တင်ခြင်းခံရသူ သားသမီးများသည် အပြစ်နှင့် မညစ်ညမ်းသေးသည့်ကမ္ဘာများမှဝမ်းမြောက်မှုနှင့်ဉာဏ်ပညာများကိုရယူခံစားကြကာ ၎င်းတို့ခေတ်အဆက်ဆက်ရခဲ့ကြသည့် ဗဟုသုတများကို ထိုကမ္ဘာများအားမျှဝေကြပါသည်။ ဘုရားသခင်၏ပလ္လင်တော်ကို စနစ်တကျလှည့်ပတ်လှုပ်ရှားနေသောအရာအားလုံးနှင့်တကွ နေနှင့်ကြယ်များစသည့်ဖန်ဆင်းခြင်း၏အသရေကို ၎င်းတို့ထင်ထင်ရှားရှားကြည့်မြင်ကြရပါသည်။

သူတို့သည် ဘုရားသခင်နှင့် ခရစ်တော်တို့၏ ဗျာဒိတ်တော်များကိုလည်း ထာဝရကာလဆက်လက်ခံယူကြပါလိမ့်မည်။ ထိုသူများသည် ဘုရားသခင့်အကြောင်းကို ပိုမိုလေ့လာသည်နှင့်အမျှ ကိုယ်တော်၏စာရိတ္တတော်ကိုပို၍ပို၍ချီးမွမ်းလာကြပါသည်။ ရွေးနုတ်ခြင်း၏ကောင်းမြတ်ခြင်းများနှင့် မဟာတိုက်လှန်ပွဲတွင် စာတန်အပေါ်အောင်ပွဲဆင်ခဲ့သည့်အံ့သြဖွယ်အောင်မြင်မှုများကို ၎င်းတို့အား ခရစ်တော်ပြသတော်မူသောအခါ ထောင်ပေါင်း၊ သန်းပေါင်းများစွာသောသူတို့ဝမ်းသာပီတိဖြစ်ကာ ဂုဏ်တော်ကိုချီးမွမ်းကြပါသည်။ ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၊ ပင်လယ်ထဲစသည့် နေရာအသီးသီး၌ရှိကြသော ဖန်ဆင်းခံသတ္တဝါအပေါင်းတို့က “ရာဇပလ္လင် တော်ပေါ်တွင် ထိုင်တော်မူသောအရှင်နှင့်သိုးသငယ်တော်သည် အစဉ်ထာဝရချီးမွမ်းခြင်းကို ခံစား၍ ဂုဏ်အသရေ၊ ဘုန်းအသရေ၊ ဘုန်းတန်ခိုးတို့နှင့် အစဉ်ထာဝရ တည်ရှိပါစေသော” **(ဗျာဒိတ် ၅း၁၃).**

မဟာတိုက်လှန်ပွဲကြီးလည်း အဆုံးသတ်သွားချေပြီ။ အပြစ်နှင့်တကွ အပြစ်သားများလည်း မရှိကြတော့ပြီ။ စကြာဝဠာတစ်ခွင်လုံးသည် သန့်ရှင်း စင်ကြယ်ကာ ညီညွတ်မှု၊ ပျော်ရွှင်မှုများဖြင့်လွှမ်းမိုးနေပါသည်။ ကိုယ်တော်ရှင်ထံမှယိုစီးထွက်လာသောအသက်၊ အလင်းနှင့် ဝမ်းမြောက်မှုများသည် ဝေနေယျသတ္တဝါများသို့ အကန့်အသတ်မရှိ ဖြန့်ကျက်နေပါသည်။ အသေးငယ်ဆုံး အက်တမ်မှအစ အကြီးဆုံးကမ္ဘာများအဆုံး၊ သက်ရှိ သက်မဲ့အရာအားလုံးတို့က "ဘုရားသခင်သည် ချစ်ခြင်း မေတ္တာဖြစ်တော်မူသည်" ဟု ဖုံးကွယ်၍မရသောအလှ၊ စုံလင်သောပျော်ရွှင်မှုများဖြင့် ကြွေးကြော်ကြပါသည်။